# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၂၅)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ စနေနေ့။


**မေတ္တာသည် အတ္တမဟုတ်**

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ငြူစူခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

# အာဆီယံ၏ တိုးတက်မှုအလားအလာကောင်းများ အပြည့်အဝရရှိစေရန် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတကာသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)၌ ကျင်းပသည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂနေ့အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကုလသမဂ္ဂ၏ (၅၈)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ ယနေ့အချိန်တွင် ကမ္ဘာနှင့်အဝန်းအဘက်ဘက်က တွေ့ကြုံနေကြရသည့် စိန်ခေါ်မှုများကို ကုလသမဂ္ဂ၏ ဦးဆောင်မှုအောက်မှနေ၍ စုပေါင်းရင်ဆိုင်ကျော်လွှားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးသည် ကုလသမဂ္ဂအဖွဲ့၏ ကနဦးရည်မှန်းချက်များအနက် တစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကိုမြတ်နိုးသည့်နိုင်ငံဖြစ်သည်နှင့်အညီ နျူကလီးယားလက်နက်ကင်းစင်သောကမ္ဘာဖြစ်လာစေရန် အစဉ်တစိုက် ထောက်ခံအားပေးခဲ့ပါကြောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံက နှစ်စဉ်တင်သွင်းလေ့ရှိသည့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးအဆို မူကြမ်းသည်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများစု၏ ထောက်ခံမှုကိုရနေပါကြောင်း၊ အဆိုပါမူကြမ်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် မိမိတို့၏ ကတိကဝတ်နှင့်အလေးထားမှုကို ပြသနေခြင်းပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဂုဏ်ယူစွာထမ်းဆောင်လျက်ရှိပါကြောင်း၊ အာဆီယံ၏ တိုးတက်မှုအလားအလာကောင်းများ အပြည့်အဝရရှိစေရန်လည်း ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ အာဆီယံ၏ ဒေသအဆင့် စုပေါင်းကြိုးပမ်းအားထုတ်မှုများသည် နိုင်ငံတကာငြိမ်းချမ်းရေး၊

*စာမျက်နှာ ၈ ကော်လံ ၁* ✻

> “ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးသည် ကုလသမဂ္ဂအဖွဲ့၏ ကနဦးရည်မှန်းချက်များအနက် တစ်ခုဖြစ်၊ မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကိုမြတ်နိုးသည့်နိုင်ငံဖြစ်သည်နှင့်အညီ နျူကလီးယားလက်နက်ကင်းစင်သောကမ္ဘာ ဖြစ်လာစေရန် အစဉ်တစိုက် ထောက်ခံအားပေးခဲ့ ”



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၆၉) ကြိမ်မြောက် ကုလသမဂ္ဂနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲဆိုင်ရာရင်တွင်းစကားများ

စာ » ၉

# လာမည့်နှစ်၌ မြန်မာ့ရေနံလုပ်ကွက် ၁၅ ခု နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လုပ်ကိုင်မည်



သတင်း-ဝေယံလင်း ➤ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ရေး ကြိုးစားလျက်ရှိရာ လာမည့် ၂၀၁၅ ခုနှစ်တွင် ရေနံလုပ်ကွက် ၁၅ခုကို လုပ်ကိုင်ရန် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံသည် လက်ရှိအချိန်၌ ကဏ္ဍတိုင်းတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လုပ်ကိုင်လျက်ရှိရာ လာမည့်နှစ်ကုန်၌ ရေနံလုပ်ကွက်နောက်ထပ် ၁၅ခုကို နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအား လုပ်ကိုင်ခွင့်ပေးသွားရန် ပွင့်လင်းစွာ တင်ဒါခေါ်ယူသွားမည်ဖြစ်သည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိသည့် ကမ္ဘာကျော်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီများရှိနေသည်။ လာမည့် အောက်တိုဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာတွင်လည်း

*စာမျက်နှာ ၈ ကော်လံ ၁* ●

**ယနေ့ မာတိကာ**


**မာလီနိုင်ငံ၌ ပထမဆုံး အီဘိုလာဖြစ်ကြောင်း အတည်ပြု** — စာမျက်နှာ ၄

**မြန်မာအလုပ်သမား ၂၀၀၀ ကျော် အလိမ်ခံရသော ထိုင်းကုမ္ပဏီ ဖမ်းမိ** — စာမျက်နှာ ၇

**ဘာစီလိုနာဂိုးသမားဟောင်း မန်ယူရောက်ဖွယ်ရှိ** — စာမျက်နှာ ၁၃


**ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စွမ်းအားမြင့် မီးဖိုများတိုးချဲ့သုံးစွဲ

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန် တိုင်းသုံးတိုင်းဖြစ်သည့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လူဦးရေတိုးပွားလာခြင်း၊ မြို့ပြ များချဲ့ထွင်ကျယ်ပြန့်လာခြင်း၊ ထင်းသုံးစွဲမှုများပြားလာခြင်းတို့ကြောင့် သစ်တော သစ်ပင်များ တဖြည်းဖြည်းလျော့ပါးကွယ်ပျောက်လာနေပြီဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောပြုန်းတီးမှုမှ ကာကွယ်နိုင်ရေး အလျင်အမြန်လုပ်ဆောင်သွားရန် လိုအပ်လာပြီဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် အဆိုပါဒေသများ၌ သစ်တောပြုန်းတီးမှုမှ ကာကွယ်နိုင်ရန်အတွက် ရှေးမဆွကာလကပင် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးကဲ့သို့သော အစီအမံများကို ဆောင်ရွက်ခဲ့ပေသည်။ သို့သော်လည်း ထင်းနှင့် မီးသွေးထုတ်ယူသုံးစွဲနိုင်မှု ပမာဏထက်သုံးစွဲမှုပမာဏမှာ လွန်ကဲနေ သည့်အတွက် သစ်တောပြုန်းတီးမှုကာကွယ်ရေးအစီအမံများသည် ထိရောက်မှုအားနည်းခဲ့ရပေသည်။ အထူးသဖြင့် မြို့ပြများ၌ လျှပ်စစ်ဓာတ်အားအပြည့်အဝအသုံးမချနိုင်ခြင်းကြောင့် ထင်းနှင့်မီးသွေးကို အားပြုအသုံးပြုနေခြင်း၏ အကျိုးဆက်ကြောင့်လည်း သစ်တောများ ပြုန်းတီးနေခြင်းဖြစ်ပါသည်။ သစ်တောပြုန်းတီးနေခြင်းကြောင့် မိုးခေါင်ခြင်းနှင့်ရေကြီးခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို ပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်ပါသည်။ ယခုနှစ်များအတွင်း မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းဘေးအန္တရာယ်ကို ပိုမိုထိတွေ့ခံစားခဲ့ ကြရပါသည်။

ထို့ကြောင့်ပင် သစ်တောများ ပြုန်းတီးမှုကာကွယ်ရေးအစီအစဉ်တစ်ရပ်အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများအပါအဝင် ပညာရှင်များက ပြည်သူများအကြား စွမ်းအားမြင့် A1 မီးဖိုများတိုးချဲ့သုံးစွဲကြရန် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ စွမ်းအားမြင့်မီးဖိုဆိုသည်မှာ မီးအပူစွမ်းအင်ကို ပိုမိုရရှိစေပြီး ထင်းသုံးစွဲမှုသက်သာစေသော မီးဖိုများဖြစ်ပါသည်။

အဆိုပါမီးဖိုများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြောင်မြို့နယ်ရှိ ကျေးရွာပေါင်းရှစ်ရွာအတွက် အလုံး ၇၁၀ ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်းခုနစ်ရွာအတွက် မီးဖိုအလုံး ၆၅၀၊ စုစုပေါင်းကျေးရွာ ၁၅ ရွာအတွက်မီးဖိုအလုံး ၁၃၆၀ ကို အခမဲ့ထောက်ပံ့ပေးနိုင်ခဲ့၍ ကျေးရွာပြည်သူများထင်းသုံးစွဲမှု လျော့ချနိုင်ပြီဖြစ်ကြောင်းကြား သိရသည်။

သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့ အခြားသော မကွေး၊ မန္တလေး တိုင်းဒေသကြီးများအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင်လည်း စွမ်းအားမြင့်မီးဖိုများ တိုးချဲ့သုံးစွဲနိုင်ရေးအစီအမံများ တိုးချဲ့ဆောင်ရွက်သင့်ပေသည်။ စွမ်းအားမြင့် မီးဖိုများတိုးချဲ့သုံးစွဲလာနိုင်သည်နှင့်အမျှ သစ်တောပြုန်းတီးမှုများ တဖြည်းဖြည်းလျော့ပါးလာကာ ပတ်ဝန်းကျင်နှင့် ရာသီဥတုမှာလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း။ ။

---

**ပြည်တွင်းသတင်း**

# လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဆောင်ရွက်မည်

**နေပြည်တော် အောက်တိုဘာ ၂၄**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်အား အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက ကမ္ဘာ့ဘဏ်မှ အာရှပစိဖိတ်ဒေသဆိုင်ရာ တာဝန်ခံ Mr.Nathan Belede ဦးဆောင်သောအဖွဲ့သည် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ ကမ္ဘာ့ဘဏ်မှ အာရှပစိဖိတ်ဒေသဆိုင်ရာတာဝန်ခံ Mr. Nathan Belede နှင့် Ms.Louise Scura (Program Leader, South East Asia) တို့က မြန်မာနိုင်ငံ၏လူဦးရေ ၇၀ရာခိုင်နှုန်းကျော် မှီခိုအားထားရသည့်ကျေးလက်နေပြည်သူများအတွက် ဆင်းရဲမှုလျော့ချနိုင်ရေးနှင့်ဒေသအတွင်းစားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းများအပေါ်တွင် ကမ္ဘာ့ဘဏ်အနေဖြင့် ဦးစားပေး၍ ချေးငွေအကူအညီများ၊ အထောက်အပံ့အကူအညီများ ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိကြောင်း။

ယခုပထမအဆင့် စီမံကိန်းအကူအညီများကို ရေရှည်ခိုင်မာသေချာသည့်ဆည်ရေသောက်စနစ်များ တည်ဆောက်ပြီးဖြစ်သောနေရာများအား ရွေးချယ်ဆောင်ရွက်ပေးသွားမည့်အပေါ်တွင် ကမ္ဘာ့ဘဏ်၏ စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ ဆောင်ရွက်ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံဘက်မှလုပ်ငန်းများ သွက်လက်အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံတောင်သူလယ်သမားများ ဆင်းရဲမှု လျော့ချရေးအတွက် အထောက်အပံ့ချေးငွေစီမံကိန်းအကူအညီများကို နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီစွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဒေသနေပြည်သူများ၏ ထင်သာမြင်သာရှိရေးအတွက် စနစ်တကျနှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးစတင်အကောင်အထည်ဖော်နိုင်ရေးအတွက်စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည့်နည်းတူ နောင်ဖြစ်ပေါ်လာမည့် အစိုးရလက်ထက်အထိ စီမံကိန်းလုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် ရှိမည်ဖြစ်သည့်အတွက် ယခုလုပ်ငန်းစတင်သည့်ကာလမှပင် အဘက်ဘက်မှ ဘက်စုံထောင့်စုံ စနစ်တကျရှိရေးအပါအဝင် စီမံကိန်းလုပ်ငန်းတိုးတက်မှုအခြေအနေများအား စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ်သည့် စနစ်များကို ခိုင်ခိုင်မာမာရေးဆွဲသွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပါဝင်တက်ရောက်လာသည့် ကမ္ဘာ့ဘဏ်မှ Mr.Sergiy Zarya (Senior Agriculture Economist) က ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းသို့ ရောက်ရှိပြီး အဖိုလိုင်း၊ အမလိုင်း ဝတ်မှုန်ကူးပွဲတော် ကျင်းပနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

---


# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ယဉ်ကျေးမှု အဆောက်အအုံထိန်းသိမ်းရေး ပြည်သူများ ဆောင်ရွက်

**ပြည် အောက်တိုဘာ ၂၄**

ပျူလူမျိုးများ နေထိုင်ခဲ့သည့် ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာမြို့တော်ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရသည်ကို ဂုဏ်ပြုကာ International Archaeology Day တွင် ယဉ်ကျေးမှုအမွေအနှစ်ရှေးဟောင်း၊ အဆောက်အအုံ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ပြည်သူများ ပူးပေါင်းကူညီ ဆောင်ရွက်သည့်အနေဖြင့် ပြည်မြို့သရေခေတ္တရာ အမွေအနှစ် စောင့်ရှောက်ရေးအဖွဲ့ Sriksetra Heritage Trust က ဦးဆောင်၍ ခေတ္တရာလူငယ်များ၊ သာရေးနာရေးအသင်း Khihayar Youth's Social Welfare Association၊ အထက(၁) ပြည်ကင်းထောက်နည်းပြ ဆရာမများနှင့် လူငယ်အဖွဲ့၊ ဒေသခံညှော့လမ်းညွှန် သင်တန်းဆင်းလူငယ်များ၊ Unilever လူသုံးကုန်ပစ္စည်းဖြန့်ချိရေး(ပြည်)မှ လူငယ်ဝန်ထမ်းများ၊ မှော်ဇာဒေသခံ ရပ်မိရပ်ဖနှင့်လူငယ်များ၊ မင်္ဂလာဥယျာဉ်ဟိုတယ်ဝန်ထမ်း လူငယ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ စုစုပေါင်း ၂၅၀ ခန့်က ရှေးဟောင်းဇုန်နယ်မြေဖြစ်သည့် မှော်ဇာယဉ်ကျေးမှုပြတိုက်ဝန်းကျင်နှင့် ပြတိုက်အဝင်လမ်း၊ မှော်ဇာဈေး၊ ဘောဘောကြီးဘုရား၊ ယဉ်ကျေးမှုအဆောက်အအုံတည်ရှိရာနေရာများတွင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ဆောင်ရွက်ကြပြီး ပညာပေးလက်ကမ်းစာစောင်များကို မှော်ဇာမြို့နှင့်ပြည်မြို့ပေါ်တွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းလွင်(ပြည်)**








ပြည်တွင်းသတင်း

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကြည်မင်း အား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နှစ်ဦးနှစ်ဖက် တာဝန်ယူဆောင်ရွက်ရေး အခန်းကဏ္ဍများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် ပြင်သစ်နိုင်ငံ CEO of the Women Forum ဖြစ်သူ Mrs.Jacqueline Franjou နှင့်အဖွဲ့အား ဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံးနှင့် Women Forum အဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ကျင်းပခဲ့သော Women Forum 2013 ၏ အောင်မြင်မှုနှင့် အတွေ့အကြုံများအပေါ် အခြေခံ၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်တွင် နေပြည်တော်၌လည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း Women Forum 2014 ကျင်းပနိုင်ရေးအတွက် နှစ်ဦးနှစ်ဖက်တာဝန်ယူဆောင်ရွက်ကြမည့် အခန်းကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**ကြေညာချက်အမှတ်(၃၉/၂၀၁၄)**

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်**

**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ်(၂၅၁)၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ** အား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ(၇၇) ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရွှေမြန်မာလေကြောင်းလိုင်း Tiger Air နှင့်ပူးပေါင်းပြီး ရန်ကုန်–စင်ကာပူ တိုက်ရိုက်လေကြောင်းသစ် တိုးချဲ့ပြေးဆွဲမည်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ၏ ပြည်တွင်းလေကြောင်းလိုင်းတစ်ခုဖြစ်သည့် ရွှေမြန်မာလေကြောင်းလိုင်းနှင့် စင်ကာပူအခြေစိုက် လေကြောင်းလိုင်းတစ်ခုဖြစ်သည့် Tiger Air လေကြောင်းလိုင်းတို့ ပူးပေါင်းပြီး ရန်ကုန်-စင်ကာပူ တိုက်ရိုက်လေကြောင်းလိုင်းသစ်ကို ယခုလာမည့် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းမှစတင်ကာ ပြေးဆွဲပျံသန်းပေးမည်ဖြစ်ကြောင်း ပြည်တွင်း ရွှေမြန်မာလေကြောင်းလိုင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

“ အခုလာမယ့် အောက်တိုဘာ ၂၆ ရက် မနက်မှာပဲ ကျွန်တော်တို့ ရွှေမြန်မာ လေကြောင်းလိုင်းနဲ့ စင်ကာပူအခြေစိုက် လေကြောင်းလိုင်းဖြစ်တဲ့ Tiger Air လေကြောင်းလိုင်း ပူးပေါင်းပြီး စတင်ပြေးဆွဲပေးတော့မှာဖြစ်ပါတယ်။ အခုလိုခရီးလမ်းကြောင်းသစ် စတင်ပြေးဆွဲပျံသန်းဖို့ လုပ်ဖြစ်တဲ့ရည်ရွယ်ချက်ကတော့ ပွင့်လင်းရာသီဖြစ်လာတာနဲ့အညီ နိုင်ငံခြားခရီးသွားတွေကလည်း ပြည်တွင်း / ပြည်ပ ပိုများလာတာကြောင့် အခုလို နှစ်ဦးနှစ်ဖက်ပူးပေါင်းပြီး ပြေးဆွဲပျံသန်းပေးဖို့ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်” ဟု ရွှေမြန်မာလေကြောင်းလိုင်းမှ အထွေထွေမန်နေဂျာ ဦးအေးလွင်က ပြောသည်။

Tiger Air လေကြောင်းလိုင်းသည် စင်ကာပူအခြေစိုက် လေကြောင်းလိုင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ကို ၎င်းတို့ လေယာဉ်များဖြင့် လာရောက် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ခရီးစဉ်အတွက် လိုအပ်သည့် ခရီးသွားဝန်ဆောင်မှု ကဏ္ဍများကို ပြည်တွင်း ရွှေမြန်မာလေကြောင်းလိုင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

“ ကျွန်တော်တို့ လေကြောင်းလိုင်းအနေနဲ့ အခုလို Tiger Air လေကြောင်းလိုင်းနဲ့ Cote Share သဘောမျိုး ပြေးဆွဲပေးသွားမှာပါ။ ဒါကလည်း ကျွန်တော်တို့လေကြောင်းလိုင်းစတင်ပြီး ပြေးဆွဲတဲ့ တစ်နှစ်ကျော် နှစ်နှစ်ဝန်းကျင်မှာ ဒါပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။ နောက်နောင်ကိုလည်း ကျွန်တော်တို့ ရွှေမြန်မာလေကြောင်းလိုင်း အနေနဲ့ ပြည်တွင်း ပြည်ပခရီးသွားတွေ အဆင်ပြေအောင် လေကြောင်းခရီးသွား ဝန်ဆောင်မှုကို ထပ်မံတိုးချဲ့ပြီး လုပ်ဆောင်ပေးသွားဖို့ အစီအစဉ်တွေ ရှိပါတယ်” ဟု ရွှေမြန်မာလေကြောင်းလိုင်းမှ ကိုဂျွန် (Marketing Executive ) က ပြောကြားသည်။

ပြည်တွင်း ရွှေမြန်မာလေကြောင်းလိုင်းသည် ၂၀၁၃ ခုနှစ် ဧပြီ နှစ်ဆန်းပိုင်းမှစတင်ကာ ပြည်တွင်း/ ပြည်ပ လေကြောင်းလိုင်းများအား ခေတ်နှင့်အညီ လေကြောင်းခရီးသွား ဝန်ဆောင်မှုများကို ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။ မကြာမီ ကာလအတွင်းတွင်လည်း အဆိုပါ ရွှေမြန်မာ လေကြောင်းလိုင်းအနေဖြင့် လေကြောင်းလိုင်းသစ်များ ထပ်မံတိုးချဲ့ ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။




ရွှေမြန်မာလေကြောင်းလိုင်းမှ ပျံသန်းပြေးဆွဲပေးနေသည့် လေယာဉ်ကိုတွေ့ရစဉ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**ကြေညာချက်အမှတ် (၄၀/၂၀၁၄)**

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်**

**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

**ကရင်အမျိုးသားပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ်(၆၃၆)၊ ခဝဲခြံ(၁)လမ်း၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကရင်အမျိုးသားပါတီ** အား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ကရင်အမျိုးသားပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၇၈)ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## စာပေမြင့်မှ လူမျိုးတင့်မည်

## ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်း

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူများ၏ အငြင်းပွားမှုဆိုင်ရာ ကိစ္စများဖြေရှင်းနိုင်ရေးအတွက် အောက်တိုဘာ ၂၀ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့(ရန်ကုန်ရုံးခွဲ) ရန်ကုန်တိုင်းဒေသကြီး ဥပဒေရုံးတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူတစ်ဦးစီက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်၊ စားသုံးသူကိုယ်စားလှယ်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကုန်သွယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန ဌာနမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သောရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် စားသုံးသူအငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းပေးခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသော အသိပညာဗဟုသုတများကို စားသုံးသူများအား ဖြန့်ဖြူးပေးခြင်း၊ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ၏ စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း တိုင်ကြားမှုကို လက်ခံစစ်ဆေးခြင်း စသည်တို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

PUN HLAING HOSPITAL

မှန်ပြောင်းဖြင့်အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်

Laparoscopic Gastrointestinal Surgery

မြန်မာဆရာဝန်ကြီးများ နှင့် မလေးရှားနိုင်ငံမှ အထူးကုဆရာဝန်ကြီး တို့ပူးပေါင်း၍ အောက်တိုဘာလ (၃၁) ရက်မှ နိုဝင်ဘာလ (၂) ရက်နေ့အထိ

Email : enquiry.phih@spa-mm.com

နိုင်ငံတကာသတင်း

# ၂၀၃၀ ပြည့်နှစ်အရောက် ကာဗွန်ထုတ်လွှတ်မှု ၄၀ ရာခိုင်နှုန်းလျှော့ချရန် အီးယူခေါင်းဆောင်များ ဘရပ်ဆဲလ်ထိပ်သီးအစည်းအဝေး၌ သဘောတူ



**အီးယူ အောက်တိုဘာ ၂၄**

ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို ၁၉၉၀ ပြည့်နှစ်နှင့် နှိုင်းစာလျှင် ၂၀၃၀ ပြည့်နှစ်တွင် ၄၀ ရာခိုင်နှုန်းလျှော့ချသွားရန် အီးယူခေါင်းဆောင်များက သဘောတူလိုက်ပြီဖြစ်သည်။

အီးယူအဖွဲ့ဝင်ခေါင်းဆောင်အချို့က ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုတွင် ယင်းတို့၏ အကျိုးစီးပွားကို ကာကွယ်ရန် တိုက်တွန်းနေချိန် ဘရပ်ဆဲလ်၌ ကျင်းပသော ထိပ်သီးအစည်းအဝေးအပြီး အထက်ပါဆုံးဖြတ်ချက်ကို အီးယူခေါင်းဆောင်များက သဘောတူခဲ့ခြင်းဖြစ်သည်။ အဆိုပါသဘောတူညီချက်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက ကြိုဆိုလိုက်သည်။ သို့ရာတွင် လုံလောက်မှုရှိသော လျှော့ချမှုမဟုတ်သေးဟု ဆိုသည်။

အဆိုပါအီးယူအဖွဲ့က စွမ်းအင်သုံးစွဲမှုတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ၂၇ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲသွားရန်လည်း သဘောတူလိုက်သည်။

ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချရေးသည် ဆင်းရဲသော အီးယူအဖွဲ့ဝင်နိုင်ငံအချို့၏ စီးပွားရေးထိခိုက်မှုမရှိစေရန်အတွက် ငွေကြေးအကူအညီများပေးသင့်ကြောင်း အီးယူကောင်စီဥက္ကဋ္ဌ ဟာမန်ဗန်ရွမ်ပွိုင်းက ပြောသည်။

သို့ရာတွင် ယူကေနိုင်ငံက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် လေစွမ်းအင်၊ နေစွမ်းအင်နှင့် ရေအားလျှပ်စစ်စွမ်းအင်များတိုးချဲ့သုံးစွဲရန် ကန့်ကွက်လျက်ရှိသည်။ သို့ရာတွင် အီးယူက ၂၀၂၀ ပြည့်နှစ်သည် ၁၉၉၀ ပြည့်နှစ်နှင့်နှိုင်းစာလျှင် ၂၀ ရာခိုင်နှုန်း ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချသွားရန် စီစဉ်လျက်ရှိသည်။

**(ဘီဘီစီ)**

# မာလီနိုင်ငံ၌ ပထမဆုံးအီဘိုလာဖြစ်ကြောင်း အတည်ပြု



**မာလီ အောက်တိုဘာ ၂၄**

မာလီနိုင်ငံ၌ ပထမဆုံးအကြိမ် အီဘိုလာရောဂါ ဖြစ်ပွားကြောင်း အစိုးရက အတည်ပြုပြောကြားသည်။

ဂီနီနိုင်ငံမှ ပြန်လာသော နှစ်နှစ်အရွယ် ကလေးတစ်ဦးတွင် အီဘိုလာရောဂါကူးစက်ကြောင်း စမ်းသပ်တွေ့ရှိခဲ့ရသည်ဟု အစိုးရကပြောသည်။ အီဘိုလာရောဂါကြောင့် လူပေါင်း ၄၈၀၀ သေဆုံးခဲ့ပြီဖြစ်သည်။ အများစုမှာ လိုက်ဘေးရီးယား၊ ဂီနီ၊ ဆီရာလီယွန်းနိုင်ငံတို့တွင် မတ်လကတည်းက ဖြစ်ပွားခဲ့သည်။

ထိုအတောအတွင်း နိုင်ငံတကာ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က အီဘိုလာ ရောဂါကူးစက်ခံရသူများအား ၎င်းတို့၏သွေးကို အသုံးပြုပြီး ထိရောက်သော ကုထုံးတစ်ရပ်ဖြင့်ကုသသွားရန်စီစဉ်လျက်ရှိသည်။ ယင်းကုထုံးဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်လိမ့်မည်ဟု သုတေသနပညာရှင်များက မျှော်လင့်ထားသည်။ ယင်းကုထုံးကို ဂီနီနိုင်ငံ၌ စတင်ဆောင်ရွက်လိမ့်မည်ဟု ဆိုသည်။

ရောဂါကူးစက်ခံရသော မိန်းကလေးငယ်အား ကာယက်စ်မြို့အနောက်ပိုင်း ဆေးရုံ၌ကုသပေးလျက်ရှိကြောင်း မာလီကျန်းမာရေးဝန်ကြီး အူစမာနီကွန်းကပြောသည်။ အဆိုပါမိန်းကလေးနှင့် ထိစပ်ကိုင်တွယ်သူများအား ကြီးကြပ်ကုသပေးလျက်ရှိသည်။ မိန်းကလေး၏ မိခင်သည် လွန်ခဲ့သော သီတင်းပတ်များက ဂီနီနိုင်ငံ၌ သေဆုံးခဲ့ပြီး ကလေးကို ဆွေမျိုးများက မာလီနိုင်ငံသို့ပြန်လည်ခေါ်ယူခဲ့သည်ဟု ဆိုသည်။ မာလီနိုင်ငံသည် အီဘိုလာကူးစက်ခံရသည့် အာဖရိကနိုင်ငံများတွင် ခြောက်နိုင်ငံမြောက် ဖြစ်လာခဲ့သည်။

**(ဘီဘီစီ)**

# အိန္ဒိယပြည်ထဲရေးဝန်ကြီး လာမည့်လတွင် အစ္စရေးသို့ အလည်အပတ်သွားရောက်မည်

**နယူးဒေလီ အောက်တိုဘာ ၂၄**

အိန္ဒိယနိုင်ငံပြည်ထဲရေးဝန်ကြီး ရက်ဂျ်နသ်ဆင်းသည် လာမည့်လအတွင်း အစ္စရေးသို့ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း သောကြာနေ့က ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။

ပြည်ထဲရေးဝန်ကြီး၏ ယခုအလည်အပတ်ခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်စေရန်ရည်ရွယ်ခြင်းဖြစ်သည်။ ခရီးစဉ်အတွင်း နိုဝင်ဘာ ၆ ရက်တွင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် တွေ့ဆုံမည်ဖြစ်သည်။

ယင်းခရီးစဉ်သည် လွန်ခဲ့သော ၁၄ နှစ်အတွင်း အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးအနေဖြင့် ပထမဆုံးအလည်အပတ်ခရီးစဉ်ဖြစ်သည်။

ပြီးခဲ့သည်လက နယူးယောက်၌ကျင်းပသည့် ကုလသမဂ္ဂညီလာခံ၌ အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် အစ္စရေးဝန်ကြီးချုပ်နှင့် နောက်ဆက်တွဲဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲ၌ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုသည် များစွာအကျိုးဖြစ်ထွန်းပါကြောင်း နေတန်ယာဟုက ပြောခဲ့သည်။

**(ဆင်ဟွာ)**

# အိန္ဒိယအလုပ်သမားများကို လုပ်အားခလျှော့ပေးမှုဖြင့် အမေရိကန်ကုမ္ပဏီ ဒဏ်ရိုက်ခံရ

**နယူးယောက် အောက်တိုဘာ ၂၄**

အမေရိကန်အလုပ်သမားအာဏာပိုင်အဖွဲ့က ဆီလီကွန်တောင်ကြားကုမ္ပဏီတစ်ခုကို အိန္ဒိယနိုင်ငံမှ အလုပ်သမားရှစ်ဦးအား အနည်းဆုံးလုပ်ခလျှော့ပေးသည့်ကိစ္စဖြင့် ပြစ်ဒဏ်ပေးခဲ့သည်။

ကယ်လီဖိုးနီးယားအခြေစိုက် အီလက်ထရွန်နစ်ဖော်အင်မစ်ဂျင်းကုမ္ပဏီက အလုပ်သမားများကို တစ်နာရီလျှင် ၁ ဒသမ ၂၁ ဒေါ်လာပေးခဲ့သည်။ အဆိုပါအလုပ်သမားများသည် အချိန်ပိုလုပ်ခမရဘဲ တစ်ပတ်လျှင် ၁၂၂ နာရီ အလုပ်လုပ်ရသည်။

ကုမ္ပဏီက "အမေရိကန်၏လုပ်ခနှင့် အချိန်ပိုကြေးဥပဒေအပေါ် ရည်ရွယ်ချက်မရှိဘဲ မျက်စိလျှမ်းသွားခဲ့ကြောင်း" ပြောဆိုခဲ့သည်။ ထိုအချိန်တွင် ကယ်လီဖိုးနီးယား၏ အနည်းဆုံးလုပ်အားခမှာ တစ်နာရီလျှင် ရှစ်ဒေါ်လာဖြစ်သည်။

ဆီလီကွန်တောင်ကြားတွင် ထောင်ပေါင်းများစွာသော အိန္ဒိယအလုပ်သမားများ အလုပ်လုပ်ကြသည်။ အလုပ်သမားအဖွဲ့အစည်းက အဆိုပါပုံနှိပ်နည်းပညာကုမ္ပဏီ (အီလက်ထရွန်နစ်ဖော်အင်မစ်ဂျင်း)၏ အလုပ်သမားအခွင့်အရေးချိုးဖောက်မှုကို စစ်ဆေးတွေ့ရှိခဲ့သောကြောင့် ပြစ်ဒဏ်အတွက် ဒေါ်လာ ၄၃၀၀၀ကျော် ပေးဆောင်ရမည်ဖြစ်ကြောင်း အစီရင်ခံစာက ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ ဘန်လောမြို့တွင် ရရှိခဲ့သည့်လစာအတိုင်း အိန္ဒိယအလုပ်သမားများကို အဆိုပါကုမ္ပဏီက ပေးခဲ့သည့်အပြင် ၎င်းတို့အား အိန္ဒိယငွေရူပီးဖြင့်ပေးခဲ့သည်ဟု အစီရင်ခံစာက ဆိုသည်။

**(ဘီဘီစီ)**

# အိုင်အက်စ်များကိုနှိမ်နင်းရန် အမေရိကန်ဦးဆောင်သော စစ်လေယာဉ်များက ဗုံးအလုံး ၁၇၀၀ ကြဲချခဲ့ကြောင်း ပင်တဂွန်ပြောကြား



**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန်နှင့် ၎င်း၏မဟာမိတ်လေကြောင်း တပ်ဖွဲ့များသည် ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့ရှိ အိုင်အက်စ်စစ်သွေးကြွများကို ဗုံး ၁၇၀၀ ကျော်ထက်မနည်း ကြဲချခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုများ ဆင်နွှဲခဲ့ကြသည်။

အမေရိကန်နှင့် မဟာမိတ်လေယာဉ်များသည် လွန်ခဲ့သော ရက်သတ္တ ၁၀ ပတ်ကျော်က အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်သော စစ်ပွဲ၌ ဗုံး ၆၆၀၀ ကို ကြဲချပြီး ဗုံးမိုးရွာသွန်းခဲ့ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သည့် ကြေညာချက်တွင် အမေရိကန်စစ်ဌာနချုပ်က ဖော်ပြသည်။

ဩဂုတ်လလယ်ခန့်ကတည်းက အမေရိကန် စစ်လေယာဉ်များသည် အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းရန် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ အချို့အနောက်နိုင်ငံများသည် အီရတ်နိုင်ငံရှိ တိုက်ခိုက်မှုအချို့တွင် ပူးပေါင်းပါဝင်ခဲ့ကြသည်။

လွန်ခဲ့သော စက်တင်ဘာလလယ်ကတည်းက အမေရိကန်နှင့် အာရပ်မဟာမိတ်များဖြစ်သော ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ကာတာ၊ ဂျော်ဒန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့သည် ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့်အာဏာကို တောင်းခံခြင်းမပြုဘဲ ဆီးရီးယားနိုင်ငံတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

အမေရိကန်တိုက်လေယာဉ်များသည် ယခုအချိန်အထိ လေကြောင်းတိုက်ခိုက်မှုများကို လွှမ်းခြုံထားနိုင်ခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ်၏အဆိုအရ သိရသည်။ ဗုံးကြဲတိုက်ခိုက်မှု ၆၃၂ (ကြိမ်)အနက် ဝါရှင်တန်၏ မဟာမိတ်များက ဗုံးကြဲတိုက်ခိုက်မှု ၇၉(ကြိမ်)ကို လုပ်ဆောင်ခဲ့ကြောင်း ၎င်းဌာနချုပ်က ပြောကြားခဲ့သည်။

ထို့ပြင် ဆီးရီးယားတွင် လေကြောင်းတိုက်ခိုက်မှု ၂၈၆ (ကြိမ်) ပြုလုပ်ချိန်တွင် အီရတ်၌လည်း လေကြောင်းတိုက်ခိုက်မှု ၃၄၆ (ကြိမ်) ပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆီးရီးယားအစိုးရကို ပြိုကွဲစေရန် အကြံအစည်နှင့် ၂၀၁၂ ခုနှစ်တွင် ဂျော်ဒန်နိုင်ငံ၌ စီအိုင်အေများက ကနဦးလေ့ကျင့်ပေးခဲ့သော အိုင်အက်စ်စစ်သွေးကြွများသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်း နယ်မြေအတော်များများကို သိမ်းပိုက်နိုင်ခဲ့သည်။ အိုင်အက်စ်စစ်သွေးကြွများသည် ၎င်း၏တိုက်ခိုက်ရေးသမားများကို နှစ်နိုင်ငံအကြား နယ်စပ်ဒေသအတော်များများကို သိမ်းယူရန် ဇွန်လတွင် အီရတ်နိုင်ငံသို့ စေလွှတ်ခဲ့သည်။

**(ပရက်စ်တီဗွီ)**

*နိုင်ငံတကာသတင်း*

## ဂျပန်ဝန်ကြီးချုပ်ဟောင်း ဖူကူဒါနှင့် တရုတ်သမ္မတ လာမည့်အပတ်တွင်တွေ့ဆုံမည်

ဘာသာပြန် - ဂျော်တီ

**ကျိုတို အောက်တိုဘာ ၂၄**

ဂျပန်ဝန်ကြီးချုပ်ဟောင်း ယာဆူဖူကူဒါသည် လာမည့်ဗုဒ္ဓဟူးနေ့တွင် ပေကျင်းမြို့၌ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံမည်ဖြစ်သည်ဟု သံတမန်သတင်းရပ်ကွက်များက သောကြာနေ့တွင် ပြောကြားသည်။

ဖူကူဒါသည် အစိုးရမဟုတ်သော အဖွဲ့တစ်ဖွဲ့ဖြစ်သည့် Boao Furum for Asia ဥက္ကဋ္ဌအဖြစ် သမ္မတရှီနှင့် တွေ့ဆုံမည်ဖြစ်သည်ဟု သံတမန်သတင်းရပ်ကွက်များထံမှ သိရှိရသည်။

ဂျပန်သည် နိုဝင်ဘာလတွင် ပေကျင်းမြို့၌ ကျင်းပရန်ရှိသည့် အေပက်ထိပ်သီးအစည်းအဝေးတွင် ဝန်ကြီးချုပ်အာဘေးနှင့် သမ္မတရှီတို့သီးသန့်တွေ့ဆုံဆွေးနွေးရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေချိန်တွင် ဖူကူဒါ၏ ပေကျင်းခရီးစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်ဟုသိရှိရသည်။

ဂျပန်နှင့် တရုတ်တို့သည် ပိုင်နက်နယ်မြေအငြင်းပွားမှုနှင့် သမိုင်းကြောင်းဆိုင်ရာ ပြဿနာများကြောင့် ဆက်ဆံရေးတင်းမာနေဆဲဖြစ်သည့်အတွက် နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးတို့သည် အာဘေးအာဏာရရှိပြီး နောက်ပိုင်း ထိပ်သီးဆွေးနွေးပွဲတစ်ကြိမ်မျှပြုလုပ်ဖူးခြင်းမရှိသေးပေ။

ဖူကူဒါသည် ဇူလိုင်လနှောင်းပိုင်းက ပေကျင်းမြို့၌ သမ္မတရှီနှင့်သီးခြားဆွေးနွေးပွဲပြုလုပ်သည်ဟု သတင်းထွက်ပေါ်ခဲ့သည်။ ယင်းကဲ့သို့ သီးခြားတွေ့ဆုံမှုမှာ ဂျပန်-တရုတ် ထိပ်သီးဆွေးနွေးပွဲကျင်းပရေးအတွက် အခြေခံအုတ်မြစ်ချရန်ကြိုးပမ်းမှုအဖြစ် ရှုမြင်ရကြောင်းသိရှိရသည်။

**(ကျိုဒိုနယူးစ်)**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## ငွေကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းစိမ်းများဖမ်းဆီးရမိ

**ဖားကန့် အောက်တိုဘာ ၂၄**

မြစ်ကြီးနားမူးယစ်တပ်ဖွဲ့စု(၂)မှ ဒုရဲအုပ်ခင်ဇော်နှင့် အမာခံသတင်းပေးဖြင့် ပေါင်းစပ်သတင်းရယူဖော်ထုတ်မှုကြောင့် ဖားကန့်မြို့နယ် တာမခန်ကျေးရွာလင်းရောင်ခြည်တည်းခိုခန်းတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ မော်ဝမ်းလှုပ်ရှားအဖွဲ့မှ ဒုရဲမှူးဇော်မျိုးလွင် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အဆိုပါတည်းခိုခန်းအမှတ် (၂၀၇)တွင် တည်းခိုနေထိုင်သည့် ဝင်းနိုင်၏အခန်းကို အောက်တိုဘာ ၂၃ ရက်ည ၇ နာရီခွဲက ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဝင်းနိုင်ကို အခန်းတွင်းအသင့်တွေ့ရှိရပြီး ၄င်းခုတင်ပေါ်တွင် အဖြူရောင်ဆာလာအိတ်အတွင်းမှ ပလတ်စတစ်အကြည်အိတ်များဖြင့်ထည့်လျက် ဘိန်းစိမ်း ၁ ဒသမ ၄ ကီလိုဂရမ်ပါ အထုပ်လေးထုပ်မှ ကာလတန်ဖိုးငွေကျပ် ၁၀၀၈၀၀၀၀ တန်ဖိုးရှိ ဘိန်းစိမ်းအလေးချိန် ၅ ဒသမ ၆ ကီလိုဂရမ်ကို ရှာဖွေတွေ့ရှိကာ မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိသူကို အရေးယူထားကြောင်း သိရသည်။ **မိုးဃ်းကျ(မြစ်ကြီးနား)**

## မျိုးဆက်သစ်လူငယ် တင်းနစ်အားကစားသမားများ ရွေးချယ်နိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂၄**

မျိုးဆက်သစ်လူငယ် တင်းနစ်အားကစားသမားများ ရွေးချယ်နိုင်ရေးအတွက် အခြေခံကျသော တင်းနစ်နည်းပြများနှင့် ကလပ်အသင်းများ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သည့် အကြိုညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗညားဒလလမ်းရှိ သိမ်ဖြူတင်းနစ်ကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်း အစည်းအဝေးတွင် နည်းပြမှတ်ပုံတင်ဆိုင်ရာ ကိစ္စရပ်များ၊ ကလပ်အသင်းများ မှတ်ပုံတင်ခြင်းနှင့် ကလပ်အသင်းများ ဖွဲ့စည်းပုံ စည်းမျဉ်းဆိုင်ရာများကို ပဏာမ အကြိုညှိနှိုင်းဆွေးနွေးကြသည်။

**(မြန်မာ့အလင်း)**

## မော်လမြိုင်မြို့ ကျောက်တန်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**မော်လမြိုင် အောက်တိုဘာ ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မီးသတ်စခန်းမှ ခုနစ်မိုင်ခန့် ဝေးကွာသော ကျောက်တန်းရပ်ကွက် မြင်းလှည်းဂိတ်လမ်းတွင် ဒေါ်မီမီအောင်(၄၃ နှစ်)၏ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း(၁၈×၂၅)ပေ နှစ်ထပ်အိမ်၏ ပထမထပ်အိပ်ခန်း မျက်နှာကြက်တွင် တပ်ဆင်ထားသော(LED)ဖန်ချောင်း မီးကွေးဖွင့်ထားရာမှ အပူလွန်ကဲ၍ နံနက် ၈ နာရီ ၅ မိနစ်က မီးစတင်လောင်ကျွမ်းကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မော်လမြိုင်မြို့မှ မီးသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်တစ်စီး၊ သန္ဓေမီးသတ် ၂၅ ဦးနှင့် အဆိုပါရပ်ကွက်ရှိ အရန်မီးသတ် ၃၀၊ လုပ်သားပြည်သူများမှ မီးသတ်ဆေးဘူး သုံးဘူးနှင့် ရေပိုက်များအသုံးပြုကာ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၈ နာရီ ၁၅ မိနစ်တွင် မီးကို ထိန်းနိုင်ခဲ့ပြီး ၈ နာရီ မိနစ် ၂၀ တွင် မီးလုံးဝငြိမ်းနိုင်ခဲ့သည်။ အပူလွန်ကဲရာမှ မျက်နှာကြက်သို့ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။

ထိုမီးလောင်မှုနှင့် ပတ်သက်၍ ဒေါ်မီမီအောင်(၄၃ နှစ်)ကို မုပ္ပန်ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်မည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာနှင့် သေဆုံးခြင်းမရှိကြောင်း သိရသည်။ **(၁၀၈)**

## ရှောင်လေဝေးဝေး မူးယစ်ဆေး

## ဖားကန့်မြို့နယ်တွင် ဘိန်းစိမ်း ၂ ဒသမ ၉ ကီလိုနှင့် ဘိန်းဆီခဲ ၉၁ ဒသမ ၃၃ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

အောက်တိုဘာ ၂၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ရပ်ကွက်(၄) ဖားပြင်လမ်း တိမ်ပြာရောင် လက်ဖက်ရည်ဆိုင်အနီးကားလမ်းတွင် လှတင်မောင်းနှင်ပြီး ယောဟန် လိုက်ပါလာသည့်မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ မော်တော်ဆိုင်ကယ် တူးဘောက်စ်အတွင်းမှ ဘိန်းစိမ်း ၁ ဒသမ ၄ ကီလိုနှင့် ဆိပ်မူကျေးရွာအုပ်စု ရွာမ ရပ်ကွက်(၁)ရှိ လှတင် ၎င်းနေထိုင်သည့် နေအိမ်အိပ်ခန်း ခုတင်ပေါ်ရှိ လွယ်အိတ်အတွင်းမှ ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို စုစုပေါင်း ဘိန်းစိမ်း ၂ ဒသမ ၉ ကီလိုနှင့် ဘိန်းဆီခဲ ၉၁ ဒသမ ၃၃ ဂရမ်သိမ်းဆည်းရမိသဖြင့် လှတင် (၃၂ နှစ်)နှင့်ယောဟန်(ခ) အားစီ(၂၁ နှစ်) တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



လှတင်နှင့် ယောဟန်(ခ)အားစီ တို့နှစ်ဦးကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ဘိန်းဖြူ ဂရမ် ၁၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

အောက်တိုဘာ ၂၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ပညာ(ခ)အိုက်ဖုန်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ မော်တော်ဆိုင်ကယ် ဝဲ/ယာဒူးကာ တစ်ဖက်စီအတွင်းမှ ပလတ်စတစ်ဖြင့်ထုပ်လျက် ဘိန်းဖြူထုပ်ငါးထုပ်၊ ဘိန်းဖြူအလေးချိန်ဂရမ် ၁၂၀ နှင့် ဆိုင်ကယ် လေစစ်ဘူးအတွင်းမှ ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိသဖြင့် ပညာ(ခ)အိုက်ဖုန်း(၄၁ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးကုတ်မြို့နယ်နှင့်ထိစပ်နေသော မိုးမိတ်မြို့နယ် နယ်စပ်ကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ နှင့် ဘိန်းဖြူ လေးဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

မိုးကုတ်မြို့နယ်နှင့် ထိစပ်နေသော မိုးမိတ်မြို့နယ်ရှိ ထုံးဘိုကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူများ ဖမ်းဆီးရမိကြောင်း သိရသည်။

အောက်တိုဘာ ၂၂ ရက်က မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုးမိတ်မြို့နယ် ထုံးဘိုကျေးရွာရှိ လှထွန်း နေအိမ်ကို ရှာဖွေရာ နေအိမ်အိပ်ခန်း အိပ်ရာဘေးရှိ Gold Power တံဆိပ်ပါ သံဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ သိမ်းဆည်းရမိခဲ့ပြီး မာအောင်၏ နေအိမ်ကို ရှာဖွေရာ နေအိမ်အိပ်ခန်း ခုတင်ခေါင်းရင်းရှိ လက်ဆွဲအိတ်အတွင်းမှ ဘိန်းဖြူ လေးဂရမ် သိမ်းဆည်းရမိခဲ့သည်။ ထိုသို့ ရှာဖွေစဉ် မိုးကုတ်ရဲစခန်း မူးယစ်အမှုနှစ်ခုမှ တရားခံပြေး မခွမ်(ခ) မဟွမ်(ခ) ကချင်မကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် လှထွန်း(၂၆ နှစ်)၊ မာအောင်(၂၉နှစ်)နှင့် မူးယစ်တရားခံပြေး မခွမ်(ခ)မဟွမ်(ခ) ကချင်မ (၄၄ နှစ်) တို့သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**







လှထွန်း၊ မာအောင်နှင့် မူးယစ်အမှုနှစ်မှုမှ တရားခံပြေး မခွမ်(ခ)မဟွမ်(ခ)ကချင်မတို့ကို တွေ့ရစဉ်။

## ပင်လုံမြို့နှင့် လောက်ကိုင်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

အောက်တိုဘာ ၂၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပင်လုံမြို့ ရပ်ကွက် (၃)နေ မနန်းခမ်းအိမ်၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆ ပြား သိမ်းဆည်းရမိသဖြင့် မနန်းခမ်းအိမ်(၃၁နှစ်) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူ အောက်တိုဘာ ၂၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များသည် လောက်ကိုင်မြို့နယ် နားလီစိုက်ပျိုးရေးရုံးရှေ့ လမ်းမပေါ်တွင် လောက်ကိုင်ဘက်မှ တာရွှေထန်ဘက်သို့ ကျီဝိန်ဟွာ(ခ)ကျီအားမြင် မောင်းနှင်ပြီး လော်စွတ်(ခ)စစ်လော်စွတ်လိုက်ပါလာသည့် ယာဉ်အမှတ် KK-2238 မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်မောင်းထိုင်ခုံတွင် ချိတ်ထားသည့် FULIN-BIRD စာတန်းပါ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၂ ပြား သိမ်းဆည်းရမိသဖြင့် ကျီဝိန်ဟွာ(ခ)ကျီအားမြင်(၂၂ နှစ်)နှင့် လော်စွတ်(ခ)စစ်လော်စွတ်(၂၅ နှစ်)တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာအဖြာဖြာ အပိုင်း( ၆ )

ပါမောက္ခ ခင်မောင်ဝင်း (အသည်း)

**အမေရိကန်တွေ သုံးတဲ့ အင်္ဂလိပ်စာ (American English)**

သိပ်မကြာခင်က ကျွန်တော်အမေရိကန်ကို ရောက်တော့ ဟိုတယ်တည်းဖို့ ဟိုတယ်ဖရန့်ဒက်(စ်) Front Desk လို့ ခေါ်တဲ့ လော်ဘီထဲက ကောင်တာမှာ ချက်ကင် (Check-in)လုပ်ပါတယ်။ ပြီးတော့ ဟိုတယ်က အမျိုးသမီးလေးကို "Where are the Lifts?" ဓာတ်လှေကား (Lift) တွေဘယ်မှာလဲလို့ မေးလိုက်ပါတယ်။ အမျိုးသမီးလေးက ကျွန်တော့်ကို ပြူးကြည့်နေပြီး ဘာလဲ "What? " လို့ မေးလိုက်ပါတယ်။ ကျွန်တော်က တစ်ခါ Lift တွေ ဘယ်မှာလဲလို့ထပ်ပြီးမေးပါတယ်။ သူက တစ်ခါ ကြောင်ကြည့်နေပြန်ရော။ ပြီးတော့မှ ပြုံးသွားပြီး "You mean elevators"လို့ ပြောပါတယ်။ နောက်ပြီးမှ "Elevators are over there,Sir"ဆိုပြီး ဓာတ်လှေကားတွေဆီကို လက်ညှိုးထိုးပြလမ်းညွှန်ပေးပါတယ်။ မှတ်လောက်သားလောက် သင်ခန်းစာပါပဲ။ ကမ္ဘာအနှံ့အပြား ခရီးသွားဖူးတဲ့ အတွေ့အကြုံတွေရှိတဲ့ ဝါရင့်ခရီးသွား ဗက်ထရင် ထရာဗလား (Venteran traveller) တစ်ယောက်လည်းဖြစ်၊ အမေရိကန်ကိုလည်း အကြိမ်ကြိမ်ရောက်ဖူးတဲ့ သူတစ်ယောက်ဟာ ရုတ်တရက် အမေရိကန်တွေ့ရဲ့ အင်္ဂလိပ်စာအသုံးအနှုန်းကို ဂရုမစိုက်လိုက်တော့ lift နဲ့ elevator အသုံးလွဲပြီး အမေရိကန်တွေ နားမလည် သဘောမပေါက် ဖြစ်သွားတာပေါ့။ စဉ်းစားကြည့်မယ်ဆိုရင် အင်္ဂလန်က အင်္ဂလိပ်တွေဟာ အမေရိကတိုက်ကို သွားနေကြပြီး ကြာတော့ အမေရိကန်လူမျိုး အမေရိကန်နိုင်ငံဆိုတာ ဖြစ်သွားတာပါ။ အနှစ် ၂၀၀ ကျော်လောက်ပဲ ရှိပါသေးတယ်။ တကယ်တော့ အင်္ဂလိပ်နဲ့ အမေရိကန်ဆိုတာ လူမျိုးတစ်မျိုးတည်းဖြစ်ပြီး ပြောတဲ့စကား၊ ရေးတဲ့စာလည်း အတူတူဖြစ်ပါလျက်နဲ့ နှစ်ကြာလာတော့ အမေရိကန်လူမျိုး အမေရိကန်တွေပြောတဲ့ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားဆိုတာ ကွဲကွဲပြားပြား တစ်မူထူးခြားပြီး ပေါ်ထွက်လာပါတယ်။ ဒါကြောင့် အင်္ဂလိပ်စာတော့ အင်္ဂလိပ်စာပဲ၊ အမေရိကန်နိုင်ငံမှာ အမေရိကန်တွေပြောတဲ့ အင်္ဂလိပ်စာကို American English လို့ခေါ်ရပါမယ်။ The American Heritage Dictionary က American English ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုထားသလဲဆိုတော့ The English Language as used in the United States လို့ ပြောထားပါတယ်။

**Lift နဲ့ Elevator**

လစ်(ဖ်တ်) lift နဲ့ အယ်လီဗေတာ elevator ဆိုတဲ့ အင်္ဂလိပ်စကားလုံးနှစ်လုံးဟာ မြန်မာလိုဓာတ်လှေကားလို့ အဓိပ္ပာယ်ရပါတယ်။ ဒါပေမယ့် အင်္ဂလိပ်တွေက ဓာတ်လှေကားကို လစ်(ဖ်တ်)လို့ခေါ်ပြီး အမေရိကန်တွေက အယ်လီဗေတာလို့ ခေါ်ဝေါ်သုံးစွဲကြပါတယ်။

**Lift** - Chiefly British; a passenger or cargo elevator လို့ အမေရိကန်ဒစ်ရှင်နာရီက ပြောပါတယ်။ ဆိုလိုတာက လစ်(ဖ်တ်)ဆိုတာဟာ အင်္ဂလိပ်တွေပဲ အဓိကသုံးကြတဲ့ စကားလုံးပါ။ လူ ဒါမှမဟုတ် ကုန်ပစ္စည်းတင်တဲ့ ဓာတ်လှေကားလို့ အဓိပ္ပာယ်ရပါတယ်။

**Elevator** - North American term for Lift လို့ အင်္ဂလိပ်ဒစ်ရှင်နာရီက ပြောပါတယ်။ ဆိုလိုတာက အယ်လီဗေတာ ဆိုတာ Lift ကို မြောက်အမေရိကတိုက်မှာ ခေါ်တဲ့စကားလုံးပါတဲ့။

**Takeaway နဲ့ Takeout, To go**

စားသောက်ဆိုင်တွေမှာ စားစရာတစ်ခုခုကို မြန်မာအခေါ် ပါဆယ်ထုပ်သွားမယ်။ အိမ်ကိုယူသွားမယ်ဆိုရင် အင်္ဂလိပ်တွေက takeaway လို့ ခေါ်ပါတယ်။ အမေရိကန်တွေက takeout ဒါမှမဟုတ် to go လို့ခေါ်ပါတယ်။ to go ဆိုတာ takeaway လို့သုံးတဲ့ ယူသွားမယ်၊ ပါဆယ်ထုပ်သွားမယ်ဆိုတဲ့ သဘောပေါ့။ အမေရိကန်က စားသောက်ဆိုင်တွေက ဆိုင်းဘုတ်တွေမှာ to go လို့ တော်တော်လေးသုံးတာကို တွေ့ရပါတယ်။ to go ဆိုတာပါဆယ်ထုပ်ယူသွားလို့ရတယ်ပေါ့။ Takout လို့လည်း နည်းနည်းပါးပါးသုံးတာကို တွေ့ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော် အများဆုံးတွေ့ခဲ့ရတာကတော့ to go ပါပဲ။ Sandwiches To Go, Chinese food To Go ဆိုတာမျိုးတွေပေါ့။

**Takeaway** (တိတ်ခ်အဝေး) - Chiefly British, Takeout လို့ အမေရိကန်ဒစ်ရှင်နာရီက ပြောပါတယ်။ Take-out ကို အင်္ဂလိပ်တွေခေါ်တဲ့ သုံးတဲ့ စကားလုံးပါတဲ့။

**Takeout** (တိတ်ခ်အောက်) - Intended to be eaten off the premises စားသောက်ဆိုင်အပြင်မှာ စားဖို့ရည်ရွယ်ထားတဲ့ အစားအစာ၊ ဆိုလိုတာက ဆိုင်အပြင်ကို ယူသွားဖို့ ရောင်းတဲ့အစား အစာပေါ့။ ဥပမာ- takeout pizza, takeout counter (တိတ်ခ်အောက်တွေ ရောင်းတဲ့ကောင်တာ) To go -To be taken out ဥပမာ- coffee and doughunts to go.
ပါဆယ်ထုပ်သွားမယ့် ကော်ဖီနဲ့ ဒိုးနပ်တွေ

**Toilet နဲ့ Restroom**

အင်္ဂလိပ်တွေက အိမ်သာကိုတွိုင်းလက် (toilet)လို့ ခေါ်ကြပေမယ်လို့ အမေရိကန်တွေက ရက်(စ်တ်)ရွန်း restroom လို့ ခေါ်ကြ၊ ရေးကြပါတယ်။ အမေရိကန်က ဟိုတယ်တွေ၊ စူပါမားကက်တွေ စတဲ့နေရာတိုင်းမှာ အိမ်သာကို restroomလို့ပဲ စာတန်းထိုးပါတယ်။ အမေရိကန်နဲ့ နီးနွယ်တဲ့ ဂျပန်နိုင်ငံမှာလည်း restroom လို့ပဲ ခေါ်ကြ၊ သုံးကြ၊ ရေးကြပါတယ်။ အင်္ဂလိပ်နဲ့ နီးနွယ်တဲ့ နိုင်ငံတွေဖြစ်တဲ့မြန်မာ၊ စင်ကာပူ၊ မလေးရှားနိုင်ငံတွေမှာတော့ တွိုင်းလက်လို့ပဲရေးကြတာများပါတယ်။ အမေရိကန်၊ အင်္ဂလိပ်ဒစ်ရှင်နာရီတော်တော်များများမှာ ဖတ်ကြည့်ထားတာနဲ့ အမေရိကန်ရောက်တုန်း အမေရိကန်တွေကို မေးကြည့်ထားတာတွေအရ တွိုင်းလက်နဲ့ရက်(စ်တ်)ရွန်း ကွာခြားချက်ကျွန်တော်နားလည်ထားတာကိုပြောပြပါမယ်။

**Toilet** -တွိုင်းလက်ဆိုတာကတော့ အိမ်သာသက်သက်လို့ အဓိပ္ပာယ်ဖော်ရပါမယ်။ ဒါကြောင့် လေယာဉ်တွေပေါ်မှာ တွိုင်းလက်ပဲရေးပါတယ်။

**Restroom** -အမေရိကန်တွေကပြောပါတယ်၊ restroomဆိုတာ တွိုင်းလက်ထက်နည်းနည်းအဆင့်မြင့်ပါတယ်တဲ့။ အိမ်သာ သက်သက် မဟုတ်ဘဲ ကောင်းကောင်းမွန်မွန် ကိုယ်လက်သန့်စင်လို့ရတဲ့နေရာပါ ပါတာကို restroom လို့ ခေါ်ပါတယ်တဲ့။ အဆင့်မြင့် ရက်(စ်တ်)ရွန်းဆိုရင် ရေချိုးခန်းတောင်ပါပါတယ်တဲ့။

ဒါပေမယ့် အောက်စ်ဖို့ဒ် အင်္ဂလိပ်ဒစ်ရှင်နာရီကို ကြည့်လိုက်တော့ restroom ဆိုတာ toilet နဲ့ အတူတူပဲ၊ အမေရိကန်မှာ toilet အစား restroom လို့ ခေါ်တာပါပဲလို့ ပြောပါတယ်။

ဘာပဲပြောပြော မှတ်သားထားရမှာက အင်္ဂလိပ်က အိမ်သာကို တွိုင်းလက်ခေါ်ပြီး အမေရိကန်က ရက်(စ်တ်)ရွန်းလို့ခေါ်တယ်ဆိုတာပါ။

**အမေရိကန်အင်္ဂလိပ်စာ**

ကျွန်တော့်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန် lift နဲ့ elevator လွဲသုံးမိတဲ့ ဇာတ်လမ်းကြောင့် သိသင့်တဲ့ American English အသုံးအနှုန်းအခေါ်အဝေါ် အသုံးထွက်လေးတွေကို သိရမယ်ဆိုတာ သဘောပေါက်သွားပါတယ်။ ဒါကြောင့် အင်္ဂလိပ်စာလေ့လာသုံးစွဲတဲ့သူတွေက အမေရိကန်အင်္ဂလိပ်စာကိုလည်း နည်းနည်းပါးပါးသိအောင် လေ့လာထားသင့်ပါတယ်လို့ပြောလိုက်ချင်ပါတယ်။ စာဖတ်ပရိသတ်များ အင်္ဂလိပ်စာဗဟုသုတတိုးပွားပါစေလို့ ရည်ရွယ်ပြီး အမေရိကန်အင်္ဂလိပ်စာအမြည်းလေး နည်းနည်းပါးပါး ခံစားနိုင်အောင် ရေးလိုက်ပါတယ်။ *ဆက်လက်ဖော်ပြပါမည်။*

## ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီး မြစ်ကြီးနားအကျဉ်းထောင် ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား အောက်တိုဘာ ၂၄**

ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီး ဦးအောင်ဇော်သိန်းသည် ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများဖြစ်ကြသည့် ဦးဇော်ဝင်း၊ ဒေါ်ပြုံးပြုံးအေး၊ ပြည်နယ်တရားရေးဦးစီးမှူး၊ မြစ်ကြီးနားခရိုင်တရားသူကြီးနှင့် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီက မြစ်ကြီးနား အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြစ်မှုဖြင့် အစစ်ဆေးခံရန် ချုပ်နှောင်ထားသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများကို နေရာထိုင်ခင်း သတ်မှတ်ဆောင်များတွင် သက်သာချောင်ချိမှု၊ အစားအသောက်အာဟာရ ပြည့်ဝမှု၊ ကျန်းမာရေးအတွက် ဆေးဝါးကုသခွင့်၊ အကျဉ်းကျခံအမျိုးသမီးများအား လုံခြုံစိတ်ချရသော အကာအရံထားရှိပေးမှု၊ အမျိုးသမီးအဖော်အစောင့်အရှောက်များဖြင့်ထားရှိမှု၊ အချုပ်သားနှင့် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ခြင်း ရှိ မရှိနှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေး၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

**မိုယံးကျ(မြစ်ကြီးနား)**

## ဇီးကုန်းမြို့နယ်တွင် အီဘိုလာရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် အီဘိုလာကူးစက်ရောဂါအသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၆ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်က အမှာစကားပြောကြားသည်။

ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်စိုးက အီဘိုလာကူးစက်ရောဂါ စတင်ဖြစ်ပွားပုံကို ပြောကြားသည်။ ဆက်လက်၍ ဦးတင်အေး (ကျန်းမာရေးမှူးအဆင့်-၁ )က အီဘိုလာရောဂါလက္ခဏာများ၊ ရောဂါကူးစက်ပုံ၊ ရောဂါသံသယလက္ခဏာများနှင့် ရောဂါကူးစက်မှု ကာကွယ်ရေးနည်းလမ်းများကို ကျန်းမာရေးအသိပညာပေးဟောပြောခဲ့သည်။ **သိန်းတိုး(ဇီးကုန်း)**

## မိုးညှင်းမြို့နယ်၌ မိုးစပါးအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းနိုင်

**မိုးညှင်း အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားဘဝ မြင့်မားစေရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မြင့်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးငွေစိုးလွင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထင်အောင်ဇော်တို့နှင့်အတူ မိုးစပါးစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လယ်ကွင်းများအရောက် ကွင်းဆင်းကာ တောင်သူများအား စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးခဲ့မှုကြောင့် မိုးစပါးအောင်မြင်ဖြစ်ထွန်းကာ အထွက်နှုန်းကောင်းနိုင်ကြောင်း သိရသည်။

“ဒီနှစ်မှာ တောင်သူတွေမျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲပြီး စိုက်နည်းစနစ်တွေ မှန်ကန်လာတယ်။ ဒ့ါအပြင် ရာသီဥတုကလည်းကောင်းတော့ ယခင်နှစ်ကထက် အထွက်နှုန်းကောင်းမယ်လို့ မျှော်လင့်ပါတယ်” ဟု မိုးညှင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထင်အောင်ဇော်က သုံးသပ်ပြောကြားသည်။

ယခု ၂၀၁၄-၂၀၁၅ မိုးစပါးစိုက်ပျိုးရာသီတွင် ကချင်ပြည်နယ်၌ စိုက်ဧက ၄၄၂၀၄၆ ဧကရှိသည့်အနက် မိုးညှင်းမြို့နယ်က ဧက ၈၄၅၈၀ စိုက်ပျိုးပြီး ကချင်ပြည်နယ်အတွက် စပါးသီးနှံနှင့်စပ်လျဉ်း၍ အဓိက မှီခိုအားထားနေရသော မြို့နယ်ဖြစ်ကြောင်း၊ ယခုအခါ ပုလဲသွယ်စပ်မျိုးစပါးများကို စတင်ရိတ်သိမ်းရာ တစ်ဧက ၁၃၅ တင်း ထွက်ရှိပြီး ရှင်းဧကရီ-၃ စပါးကိုလည်း ဆက်လက်ထိန်းသိမ်းရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

## ဖလံတောကျေးရွာတွင် စက်ရေတွင်းသစ်တူးဖော်

**မကွေး အောက်တိုဘာ ၂၄**

မကွေးမြို့နယ် အလယ်ဘိုကျေးရွာအုပ်စု ဖလံတောကျေးရွာတွင် ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ ကျပ်သန်း ၂၀ ဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် စက်ရေတွင်းသစ် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုး၊ မြို့နယ်စက်ရေတွင်းသစ် တူးဖော်ခြင်းလုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များဖြစ်သည့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိန်သန်းငွေ၊ မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအငယ်တန်းအင်ဂျင်နီယာ ဦးဇော်ထွန်း၊ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးမျိုးမြင့်သိန်းတို့ပါဝင်သည့် ပူးပေါင်းအဖွဲ့ရောက်ရှိပြီး စက်ရေတွင်း တူးဖော်နေမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ ကျေးရွာစက်ရေတွင်း ကော်မတီ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ အဆိုပါစက်ရေတွင်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားခဲ့သည်။



အဆိုပါ စက်ရေတွင်းကို ယခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပြီး အဆိုပါကျေးရွာတွင် လက်ရှိ အိမ်ခြေ ၆၃ အိမ်၊ အိမ်ထောင်စု ၆၅ စု၊ လူဦးရေ ၄၄၂ ဦး နေထိုင်လျက်ရှိကြပြီး ယခုလက်ရှိသောက်သုံးရန်အတွက် ထိုကျေးရွာနှင့် တစ်မိုင်ခန့်ဝေးသည့် စမ်းတွင်းသို့ လှည်းများဖြင့် သွားရောက်ခပ်ယူအသုံးပြုနေကြကြောင်း သိရသည်။

**ကျော်ဓေယျ**

## ပြည်တွင်းသတင်း

*ရှေ့ဖုံးမှ*

လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး တိုးတက်မြင့်မားစေရန် ဟူသည့် ကုလသမဂ္ဂ၏ လုပ်ငန်းစဉ်များကို များစွာ အထောက်အကူပြုစေပါကြောင်း။

ထို့ပြင် လူသားအားလုံးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပံ့ပိုးကူညီရာရောက်စေပါကြောင်း၊ ထို့ကြောင့် နှစ်ဦးနှစ်ဖက် အကျိုးစီးပွား ဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ကုလသမဂ္ဂနှင့် တိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟူသည့် အာဆီယံ၏ ခိုင်မြဲသည့် သန္နိဋ္ဌာန်ကို ထပ်လောင်း အတည်ပြုပြောကြားလိုပါကြောင်း။

ငြိမ်းချမ်းရေးနှင့်တည်ငြိမ်အေးချမ်းရေးသည် နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးမှုအတွက် ကနဦးလိုအပ်သည့် အချက်တစ်ချက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင်လည်း ပါဝင်သည့်အားလျော်စွာ ရေရှည်တည်တံ့စေမည့် ငြိမ်းချမ်းရေးအတွက်ရရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်ပေါင်း (၆၀)ကျော်ကြာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းပြီး နိုင်ငံရေးဆွေးနွေးမှု မူဘောင်အကြမ်းတစ်ရပ်ပေါ်ထွက်လာအောင် ဆောင်ရွက်နေပါကြောင်း၊ ထိုနိုင်ငံရေးဆွေးနွေးမှုသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သောအရေးကိစ္စများကို ဆွေးနွေးနိုင်မည်ဖြစ်သည့်အတွက် သမိုင်းတွင်ရစ်မည့်ဖြစ်စဉ်လည်း ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးရရှိရန် အလားအလာ ပိုမိုနီးကပ်လာပြီဟုလည်း ယုံကြည်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖတ်ကြားစဉ်။ (သတင်းစဉ်)

ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်ရန် ရက်ပေါင်း ၄၄၀ သာကျန်ပါတော့ကြောင်း၊ မြန်မာနိုင်ငံ၏ဆင်းရဲနွမ်းပါးမှုနှုန်း ထက်ဝက်လျှော့ချရေး၊ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ပြန့်ပွားမှုကျဆင်းရေး၊ မသင်မနေရ မူလတန်းပညာသင်ခွင့်ရရှိရေးစသည့် ၂၀၁၅ ခုနှစ် ရည်မှန်းချက်များအားလုံး ပြည့်မီစေရေးအတွက် ၂၀၀၀ ပြည့်နှစ်မှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အန္တိမရည်မှန်းချက်ပန်းတိုင်သည် စီးပွားရေးတိုးတက်ကောင်းမွန်ပြီး လူမှုရေးအရ အားလုံးပါဝင် ခိုင်မာသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖော်ဆောင်နိုင်ရေးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို ချမှတ်အကောင်အထည်ဖော်နေပါကြောင်း။

မြန်မာနိုင်ငံ၏ သင့်တင့်လျောက်ပတ်သည့် စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေဖန်တီးလာနိုင်သည်နှင့်အမျှ နှစ်စဉ်ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု တိုးတက်နှုန်းသည်လည်း ပြီးခဲ့သည့်သုံးနှစ်အတွင်း စဉ်ဆက်မပြတ်တိုးတက်နေပါကြောင်း၊ ယင်းတိုးတက်မှုများကို အခြေခံပြီး မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်နိုင်ရေးကြိုးပမ်းလုပ်ဆောင်ရမည့် နိုင်ငံတွင်းလုပ်ငန်းစဉ်နှင့် နိုင်ငံတကာမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အစပျိုးဆောင်ရွက်လျက်ရှိရာတွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ထောက်ပံ့မှုများကိုကြိုဆိုလျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဖတ်ကြားသည်။



မြန်မာနိုင်ငံ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်း စာနာထောက် ထား မှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စရီနာတာ လော့ခ် ဒက်ဆဲလ်လီယန် သဝဏ်လွှာ ဖတ်ကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စရီနာတာ လော့ခ် ဒက်ဆဲလ်လီယန်က ဖတ်ကြားသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဦးသန့်ရှင်း၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးတို့က (၆၉) ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည်(၆၉) ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

---

*ကျောဖုံးမှ*

ကယား၊ ကရင်၊ ချင်းပြည်နယ်များနှင့် ဝ၊ ပအိုဝ်း၊ ဓနု၊ ပလောင်၊ အင်း စသည့် ဒေသများမှ တိုင်းရင်းသားများလည်း အဆိုပါကျောင်းသို့ တက်ရောက်ရန် စိတ်ပါဝင်စားမှုများပြားလာကြသည်ဟု သိရသည်။

"၂၀၀၅-၂၀၀၆ ပညာသင်နှစ်ကစပြီး ဝင်ခွင့်ကိုရေဆင်းတက္ကသိုလ်သို့ တိုက်ရိုက်လျှောက်လွှာတင်တဲ့စနစ်ဖြင့် ပြုလုပ်လိုက်ပါတယ်။ ၂၀၀၅-၂၀၀၆ ခုနှစ်လောက်မှာတော့ လာရောက်လျှောက်ကြတဲ့ ကျောင်းသားဦးရေ ၄၀၀ လောက်ပဲရှိတယ်။ အဲဒီနောက်မှာတော့ ၅၀၀၊၆၀၀ မှ ၈၀၀ အထိ ရှိလာတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာတော့ ၁၈၀၀ လောက်ထိရှိခဲ့တယ်။ ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာတော့ လျှောက်လွှာတင်တဲ့ ကျောင်းသားဦးရေ ၃၂၀၀ ကျော်လောက်ရှိတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် စိုက်ပျိုးရေးတက္ကသိုလ်ကို စိတ်ပါဝင်စားတဲ့ ကျောင်းသားတွေ များလာတယ်လို့ ဆိုနိုင်ပါတယ်။ ယခုလက်ရှိအချိန်ထိ ဆရာတို့ကျောင်းရဲ့ Capacity အရ အများဆုံး လက်ခံနိုင်တာ ၅၀၀ ပဲ လက်ခံနိုင်ပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မျိုးကြွယ်ကရှင်းပြသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ စာသင်ခန်းနှင့် ဆရာ ဆရာမ လုံလောက်မှုမရှိခြင်းကြောင့် ကျောင်းသားဦးရေကို ၅၀၀ ခန့်ဖြင့် သတ်မှတ်ထားရကြောင်း သိရသည်။ ၁၉၈၂-၈၃ ခုနှစ်က ဒေသကောလိပ်များ ပေါ်လာခြင်းကြောင့် ကျောင်းသားဦးရေ ၃၀၀ ဆံ့ကျောင်းဆောင်များ တိုးချဲ့ဆောက်လုပ်ခဲ့ပြီး လက်ရှိအချိန်ထိ စာသင်ခန်းမလုံလောက်မှုကြောင့် အတန်းနှစ်တန်းခွဲ၍ သင်ကြားလျက်ရှိသည်။ ကျောင်းသားများကို လက်တွေ့သင်ကြားပေးရာ၌ လက်တွေ့ခန်းတစ်ခန်းတွင် ကျောင်းသား ၂၀၊ ၃၀ ဆံ့ အခန်းကို လက်ရှိအခြေအနေအရ ကျောင်းသား ၉၀ ခန့်အထိ ဝင်ရောက်သင်ကြားနေရကြောင်း၊ လက်တွေ့ခန်းထဲ၌ မိုက်ခရိုစကုပ်များ အလုံအလောက်မရှိခြင်းကြောင့်လည်း အခက်အခဲရှိကြောင်း၊ Titration လုပ်သည့်အခါတွင်လည်း ကျောင်းသားသုံးဦးလျှင် တစ်ခု သုံးနေကြရသည့်အတွက် ပစ္စည်းများလိုအပ်လျက်ရှိကြောင်း သိရသည်။

"လက်တွေ့သင်ကြားမှုအနေနဲ့ နံနက် ၆ နာရီက ၉ နာရီအထိ စိုက်ကွင်းထဲမှာ စပါး၊ မြေပဲ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စတာတွေကို လက်တွေ့ကွင်းဆင်းစိုက်ပျိုးရပါတယ်။ ဓာတ်ခွဲခန်းတွေထဲမှာလည်း ပန်းပင်တွေရဲ့ အကြောင်းကို အမျိုးအစားခွဲခြင်း၊ အပင်တွေမှာ ကျရောက်တဲ့ ရောဂါတွေ၊ ပိုးမွှားတွေကို လေ့လာခြင်း၊ မြေဆီလွှာထဲမှာပါဝင်တဲ့ အာဟာရဓာတ်တွေ ပါဝင်ခြင်း၊ မပါဝင်ခြင်းများကို ဓာတ်ခွဲခြင်း စတာတွေကို ဓာတုဗေဒ၊ မြေဆီလွှာနှင့် ရေသိပ္ပံဌာနက သင်ကြားပေးပါတယ်။ အပင်အညှောက်ပေါက်ခြင်း၊ စပါးပျိုးထောင်နည်း၊ ထယ်ထိုးနည်း စတဲ့ ပညာရပ်တွေကိုလည်း သင်ကြားပေးပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

ရေဆင်းတက္ကသိုလ်မှ ဘွဲ့ရကျောင်းသားများမှာ အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစီးဌာနများ၊ ပုဂ္ဂလိက စိုက်ပျိုးရေးဆေးကုမ္ပဏီများ၊ NGO အဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန စသည်တို့တွင် ဝင်ရောက်လုပ်ကိုင်နိုင်မည် ဖြစ်သည်။ စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသားတစ်ဦးသည် မြေအကြောင်း၊ ရေအကြောင်း၊ စီးပွားရေးအကြောင်း၊ လက်တွေ့ အင်ဂျင်နီယာအကြောင်း၊ မွေးမြူရေးအကြောင်း၊ ရာသီဥတုအကြောင်းများ၌ ပိုမိုသိကျွမ်းသည့်အတွက် ပြင်ပစိုက်ပျိုးရေးဆေးကုမ္ပဏီများမှာ ပို၍လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းတွင် တက်ရောက်ရန် သတ်မှတ်သည့်အရည်အချင်းမှာ ကျောင်းသားများသည် တက္ကသိုလ်ဝင်တန်းတွင် ဘာသာစုံပေါင်းရမှတ် ၃၂၀ ရရှိရမည်ဖြစ်ပြီး စိုက်ပျိုးရေးဘာသာရပ်ကို စိတ်ပါဝင်စားသူဖြစ်ရမည်ဟု သိရသည်။ ကျောင်းသားများကို Minor Subject အနေဖြင့် အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် အားကစားဘာသာရပ်များကိုပါ သင်ကြားပေးသည်။ ကျောင်းသား ကျောင်းသူများ၏ နေထိုင်ရေးအတွက် အဆောင်များ စီစဉ်ပေးထားသည်ဟု သိရသည်။

"နောက်ဆုံးနှစ်မှာ ကွင်းလက်တွေ့တွေ အများကြီးလုပ်ရပါတယ်။ Job Training သင်တန်းကိုလည်း တစ်လတိတိသင်ကြားရပါတယ်၊ ဒီကျောင်းမှာ စာတွေ့လက်တွေ့ နှစ်မျိုးစလုံးကို သေသေချာချာသင်ကြားရတဲ့အတွက် လုပ်ငန်းခွင်ဝင်တဲ့အခါမှာလည်း အဆင်ပြေလိမ့်မယ်လို့ ထင်ပါတယ်။ အဖွဲ့လိုက် Special Research Project တွေ လုပ်ရတဲ့အတွက် အခက်အခဲတွေ ရှိပေမယ့်လည်း လက်တွေ့လုပ်ငန်းတွေကနေ ကွန်ပျူတာကျွမ်းကျင်မှုရတာ၊ စာတမ်းပြုစုရာမှာ Power Point ပြင်ဆင်ရတာ၊ အင်တာနက်ကနေစာတွေရှာဖွေရတာ၊ တောင်သူလယ်သမားတွေရဲ့ ဘဝကိုလည်း ကိုယ်ချင်းစာ လက်တွေ့ခံစားရတာစတဲ့ အတွေ့အကြုံတွေ ရရှိတဲ့အတွက် စိုက်ပျိုးရေးဘွဲ့ရမှာကို ဂုဏ်ယူမိပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသူ (Crop Breeding Specialization) မေဂျာမှ မခင်ဖြူသက်က ပြောသည်။

စိုက်ပျိုးရေးတက္ကသိုလ်ကို ၁၉၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မန္တလေး၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ ဒီဇင်ဘာ ၂၂ ရက်တွင် နှစ် ၉၀ ပြည့်ခဲ့ပြီဖြစ်ရာ နှစ် ၉၀ ပြည့်အခမ်းအနားကို ခမ်းခမ်းနားနားပြုလုပ်မည်ဟု သိရသည်။ အခမ်းအနားတွင် စာတမ်းဖတ်ပွဲများ၊ ပြပွဲပြိုင်ပွဲများ၊ သီးနှံပြခန်းများ၊ မြေဆီလွှာပြခန်းများ၊ အာစရိယပူဇော်ပွဲနှင့် နာမည်ကြီးတေးသံရှင်များ၏ ဖျော်ဖြေပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

*ရှေ့ဖုံးမှ*

ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ခြင်းဆိုင်ရာ နိုင်ငံတကာပြပွဲတစ်ရပ်ကိုလည်း ကျင်းပရန်ရှိနေသည်။

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစုစုပေါင်းတွင် ဒုတိယနေရာ၌ ရှိနေသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ယခုနှစ်ဩဂုတ်လအထိ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံကျော်ရှိနေပြီ ဖြစ်သည်။ မြန်မာနိုင်ငံ၌ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၃၀ရာခိုင်နှုန်းမှာရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင်ဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိ ကုန်းတွင်းရေနံလုပ်ကွက် ၅၃ ကွက်အနက် ပြည်ပ ကုမ္ပဏီများနှင့် လုပ်ကွက် ၁၆ ကွက်ကို အကျိုးတူပူးပေါင်း ဆောင်ရွက်ရန် စာချုပ်များချုပ်ဆိုထားပြီးဖြစ်သည်။

ထို့အတူ ကမ်းလွန်ရေနံ ရှာဖွေရေးတွင်လည်း ကမ်းနီးရေတိမ်ပိုင်းလုပ်ကွက် ၂၇ ကွက်နှင့် ကမ်းဝေးရေနက်ပိုင်းလုပ်ကွက် ၂၄ ကွက် စုစုပေါင်း ၅၁ ကွက်ရှိနေပြီး ပြည်ပကုမ္ပဏီခုနစ်ခုမှ လုပ်ကွက် ၁၈ ကွက်၌ လုပ်ငန်းများဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

မြန်မာ့ကမ်းလွန်တွင် ရတနာ၊ ရဲတံခွန်၊ ရွှေစီမံကိန်းတို့မှ သဘာဝဓာတ်ငွေ့ စုစုပေါင်း တစ်နေ့လျှင် ကုဗသန်း ၁၅၀၀ ခန့်နှင့် လေဆီ ၁၁၀၀၀ စည်ခန့် ထုတ်လုပ်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

---

## အားကစားဖြင့်
## နိုင်ငံ့ဂုဏ်
## မြှင့်တင်



ကျော်ကျော်ဝင်း



နိုင်စစ်အောင်

## အင်ချွန်းအာရှမသန်စွမ်းအားကစားပြိုင်ပွဲ ရေကူးပြိုင်ပွဲတွင် ငွေတံဆိပ်ဆွတ်ခူး

**အင်ချွန်း အောက်တိုဘာ ၂၄**

ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ၊ အားကစားသမားများသည် အောက်တိုဘာ ၂၂ ရက်က ပြေးခုန်ပစ်မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ကျော်ကျော်ဝင်းက ကြေးတံဆိပ်ကိုလည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်က ရေကူးမီတာ ၂၀၀ လေးမျိုးကူးပြိုင်ပွဲတွင် နိုင်စစ်အောင်က ငွေတံဆိပ်ကို လည်းကောင်း ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

---

## မန္တလေးဆေးရုံကြီးပေါ် လိုက်လံခိုးယူနေသူကို ဖော်ထုတ်ဖမ်းဆီးရမိ



**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ် တာဝန်ခံရဲအုပ် ကြည်ဇင်ဦးစီးသည့် အဖွဲ့၏ စစ်ဆေးဖော်ထုတ်ချက်အရ ကွင်းဆက်ခိုးမှုခြောက်မှု ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ရဲအုပ်ကြည်ဇင်နှင့်အဖွဲ့သည် အောက်တိုဘာ ၉ ရက် ညနေပိုင်းက ၂၂ လမ်း ၉၀×၉၁ လမ်းကြားတွင် စိုးသူခိုင်(ခ)ဂျမားကို Huawei အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိ၍ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှုရုံးသို့ ခေါ်ဆောင်ကာ သက်သေများရှေ့တွင် စစ်မေးရာ ပိုင်ဆိုင်ကြောင်းအထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသည့်အပြင် အဆိုပါဖုန်းအား အောက်တိုဘာ ၇ ရက် ညနေ၃ နာရီက မန္တလေးပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ခွဲစိတ်ဆောင်အတွင်း အိပ်ပျော်နေသည့် လူနာစောင့်အမျိုးသားတစ်ဦး၏ အိတ်ကပ်အတွင်းမှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် အမှတ်(၈)မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကွင်းဆက်အမှုများကို စစ်မေးရာ အောက်တိုဘာလ (နေ့ရက်မမှတ်မိ) နံနက် ၃ နာရီခွဲက မန္တလေးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ဆောင်(၂)အတွင်း အားသွင်းထားသည့် Huawei အဖြူရောင် လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ စက်တင်ဘာ ၂၇ ရက် နံနက် ၄ နာရီက ဖျားနာဆောင်(၃) အရှေ့ဘက်တွင် လူနာစောင့်ရင်း အိပ်ပျော်နေသည့်အမျိုးသမီးထံမှ OPPO အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ စက်တင်ဘာလ(နေ့ရက်မမှတ်မိ) နံနက် ၄ နာရီက ဖျားနာဆောင်အောက်ထပ်တွင် အားသွင်းထားသော Huawei လက်ကိုင်ဖုန်းတစ်လုံးကို လည်းကောင်း၊ စက်တင်ဘာ ၂၇ ရက် နံနက် ၄ နာရီခန့်က ဖျားနာဆောင်(၁) ဘေးရှိနားနေဆောင်အတွင်း အိပ်ပျော်နေသည့် အမျိုးသားတစ်ဦး၏ အိတ်ကပ်အတွင်းမှ Huawei အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံးအားလည်းကောင်း၊ အောက်တိုဘာလ (နေ့ရက်မမှတ်မိ) နံနက်၄ နာရီခန့်က ခွဲစိတ်ဆောင်ဒုတိယထပ်ရှိ ညစောင့်များနားနေသည့် ခုံတန်းလျားပေါ်တင်ထားသော ဂျင်းအိတ်အတွင်းမှ Huawei အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် မန္တလေးမြို့အမှတ်(၈)မြို့မရဲစခန်းတွင် စိုးသူခိုင် (ခ)ဂျမားကို ခိုးမှုခြောက်မှုအတွက် အမှုဖွင့်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမြ(မန်းကိုယ်ပွား)**

ပြည်တွင်းသတင်း

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲဆိုင်ရာ ရင်တွင်းစကားများ

**ရန်ကုန် အောက်တိုဘာ ၂၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ရွေးကောက်ပွဲဆိုင်ရာ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်မှု အစည်းအဝေးကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန် မြို့ လမ်းမတော်မြို့နယ်ရှိ ပန်ဒါဟိုတယ်၌ ကျင်းပခဲ့သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီအချို့မှ တာဝန်ရှိသူတို့အား မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်တို့ကို ဖော်ပြလိုက်ပါသည်။

**ဦးတင်အေး(ဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်)**

နိုင်ငံသားဆိုတာ ဘာလဲဆိုတာလာရှင်းပေးပါလို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို မေတ္တာရပ်ခံထားတယ်။ ဥပဒေထုတ်ပြန်ထားတယ်။ နိုင်ငံသားစိစစ်ရေးလက်မှတ်ရှိလို့သာလျှင် ပါတီထောင်ခွင့်ရှိတယ်။ ဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်း အချိန်နှစ်လ ပေးမယ်လို့ပြောလိုက်တာပါ။ ဒါကတော့ သူတို့က ဥပဒေကိုလေ့လာ။ နိုင်ငံသားဖြစ်တယ်ဆိုရင် ပါတီထောင်လို့ရတယ်။ ပါတီဝင်လို့ရတယ်။ မှတ်ပုံတင်တာလည်း ဒီလိုပါပဲ။ ပါတီထောင်တာလည်းဒီလိုပါပဲ။ စပြီးအဆိုပြုလိုက်တယ်ဆိုကတည်းက လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနကို ပေးရတယ်။ နိုင်ငံသားဖြစ် မဖြစ်၊ နောက်



ဦးခွန်ကလဲမင်း (ကယန်းအမျိုးသားပါတီ)

တစ်ခါကျတော့ ပြည်ထဲရေးကို ပေးရတယ်။ ပြည်ထဲရေးကတော့ ဥပဒေနဲ့ညီ မညီစိစစ်အကြောင်းပြန်တယ်။ အဓိကဆိုင်တာက လူဝင်မှုကြီးကြပ်ရေးနဲ့ ဆိုင်တယ်။ အဲ့ဒါကို ဂဃနဏ ဖြေနိုင်အောင် လာပြီးတော့ရှင်းပါလို့ ပြောထားတယ်။ အခုဥပဒေက ပြင်လိုက်တာက ပါတီမှတ်ပုံတင်ခြင်းဥပဒေကို ပြင်လိုက်တယ်။ ရွေးကောက်ပွဲဥပဒေကို လွှတ်တော်က မပြင်သေးဘူး။

**ဦးခွန်ကလဲမင်း (ကယန်းအမျိုးသားပါတီ)**

မဲဆွယ်စည်းရုံးရေးတွေမှာ မြေပြန့်ပါတီနဲ့တောင်ပေါ်ပါတီတွေက အခြေအနေတွေက နည်းနည်းကွာတာကိုး။ မြေပြန့်ပါတီတွေက သွားရလာရနည်းနည်းလွယ်ကူတယ်။ တောင်ပေါ်ပါတီက သွားရလာရတာခက်ခဲတယ်လေ။ အဲဒါတွေဆွေးနွေးသွားမယ်။ ကော်မရှင်နဲ့ ခဏခဏ တွေ့ရလေ၊ ကော်မရှင်နဲ့ပိုရင်းနှီးလာမယ်။ သူကကိုယ့်အောက်မှာ၊ ကိုယ့်အပေါ်မှာလိုမဟုတ်တော့ဘဲ မိသားစုလိုဖြစ်သွားမယ်။ ဒီလိုဖြစ်သွားရင် တစ်ယောက်နဲ့တစ်ယောက်မကျေနပ်တာလေးတွေက အရင်ကလို ခက်ခက်ထန်ထန် မဟုတ်တော့ဘဲနဲ့နည်းနည်းပျော့ပြောင်းပြီး ဆွေးနွေးလာလိမ့်မယ်လို့ မျှော်လင့်တယ်။

**ဦးယောသပ် (လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ)**

ကျွန်တော်တို့ ပါတီအနေနဲ့ နိုင်ငံတော်နဲ့ဆွေးနွေးဖို့ အကြောင်းအရာတော့ သိပ်တော့မရှိပါဘူး။ ဒီလိုဆွေးနွေးတဲ့အခါမှာ မကြာခဏ တွေ့ဆုံရတဲ့အတွက်ပေါ့၊ တစ်ခါတွေ့ရင် တစ်မျိုးတော့ပြောခဲ့ပါတယ်။ ကျွန်တော်တို့ပါတီအတွင်းမှာတော့ မြို့နယ်အလိုက် ရွေးကောက်ပွဲဝင်ဖို့အတွက်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ကိုယ့်မြို့နယ်မှာ ကိုယ်ရွေးချယ်ပြီးမှ ဝင်ခိုင်းဖို့အတွက် ညွှန်ကြားထားပါ



ဦးယောသပ် (လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ)

တယ်။ ကိုယ့်မြို့နယ်အလိုက်ပဲ ကိုယ်ဝင်ဖို့အတွက်ပဲဖြစ်ပါတယ်။

ဒီနှစ်အတွင်းမှာ ပြည်ထောင်စု ရွေးကောက်ပွဲနဲ့ ကျွန်တော်တို့ပါတီ ဆွေးနွေးတာ ငါးကြိမ်လောက်ရှိပါတယ်။ ဆွေးနွေးမှုတင်ပြလို့ တော့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တင်ပြတာက တင်ပြတဲ့အပေါ်မှာပဲသွားတယ်။ တကယ်တမ်းအကောင်အထည်ဖော်တဲ့နေရာမှာ သူတို့လုပ်ပေးနိုင်တဲ့အခြေအနေရှိသလို၊ မလုပ်ပေးနိုင်တဲ့အခြေအနေတွေလည်း အများကြီးရှိပါတယ်။ သူတို့ဆွေးနွေးတဲ့အပေါ်မှာပဲ ကျွန်တော်တို့က လိုက်ပြီး ဆွေးနွေးရမှာဆိုတော့ တခြားဘာတွေများ ဆွေးနွေးဦးမလဲလို့ ဘာမှမသိရသေးတဲ့အတွက် ကျွန်တော်တို့တင်ပြဖို့ မစီစဉ်ရသေးဘူး။

**ဦးဖော်လားကမ်ဖန် (စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ၊ ကရင်ပြည်နယ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှေ့ဆက်ရမယ့်လုပ်ငန်းတွေကို အခုလိုမကြာမကြာရှင်းပြသင့်တယ်၊ ဒါအင်မတန်ကောင်းပါတယ်။ ရှင်းပြမှသာလျှင် နိုင်ငံရေးပါတီတွေက နားလည်မှာကိုး၊ မဟုတ်လို့ရှိရင် အပြင်မှာ ပြောတဲ့ဟာတွေပေါ့၊ ၂၀၁၄ မှာ ကြားဖြတ်ရွေးကောက်ပွဲလုပ်မယ် မလုပ်ဖြစ်လိုက်ဘူး။ ရွေးကောက်ပွဲကော်မရှင်အပေါ်မှာ ပြည်သူတွေက အမြင်တစ်မျိုးစီဖြစ်ကြတယ်။ ဒါမျိုးလေးတွေပေါ့၊ နိုင်ငံရေးပါတီတွေနဲ့ ရှင်းပြလေလေ ပြည်သူလူထုတွေလည်း အဆင်ပြေလေပေါ့၊ တွေ့ဆုံဆွေးနွေးပွဲလုပ်တာကတော့အင်မတန်ကောင်းပါတယ်။ ကြိုဆိုပါတယ်။

ကျွန်တော်တို့က ၂၀၁၅ ရွေးကောက်ပွဲကို ကြေညာထားချက်အလျောက်ဖြစ်အောင် လုပ်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၄ မှာ ကြားဖြတ်ရွေးကောက်ပွဲမှာ လုပ်မယ်လုပ်မယ်လို့ပြောခဲ့တယ်။



ဦးဖော်လားကမ်ဖန် (စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ၊ ကရင်ပြည်နယ်)

အနီးကပ်ကျမှ မလုပ်ဖြစ်တော့ဘူး။ သူတို့ပြောတဲ့ အကြောင်းပြချက်တွေက ခိုင်လုံပါတယ်။ ဒါပေမယ့် အစကတည်းက မလုပ်ဘူးဆို မလုပ်ဘူး အပြတ်ပြောရမယ်၊ အဲဒီအတွေ့အကြုံသင်ခန်းစာတွေရတဲ့အခါကျတော့ ၂၀၁၅ မှာလည်း လုပ်မယ်လို့ပြောသလို တကယ်လုပ်ဖြစ်အောင်ကြိုးစားရမယ်။ **သတင်း-ခင်ချိုဝင်း ဓာတ်ပုံ-ရဲထွဋ်**

# ကေကေအို စောဆန်းအောင်အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံ ဗိုလ်ကြီးအဆင့်ရှိ အောင်နိုင်နှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အနေဖြင့် မိသားစုဝင်များအားခေါ်ယူအသိပေး၍ ကူညီထောက်ပံ့မှုများပေးအပ်သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

စက်တင်ဘာ ၂၆ ရက်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့အနီးသို့ ကေကေအိုအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ စောဝင်းဇော်ခေါင်းဆောင်သောအင်အား ၂၀ ခန့်သည် လက်နက်ငယ်များ ကိုယ်စီကိုင်ဆောင်လျက်ရောက်ရှိလာကြောင်း သတင်းရရှိသဖြင့် နယ်မြေခံတပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပူးပေါင်းအဖွဲ့တို့သွားရောက်၍ မြို့တွင်းသို့ လက်နက်ကိုင်ဆောင် ဝင်ရောက်ခြင်း မပြုရန်ပြောကြားခဲ့ရာ ကေကေအိုအဖွဲ့က ပူးပေါင်းအဖွဲ့အား လက်နက်များဖြင့် ချိန်ရွယ်၍ ထိန်းသိမ်းခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် လုံခြုံရေးတပ်စိတ်တစ်စိတ်က လိုက်လံပူးပေါင်းစဉ် အသင့်စောင့်ဆိုင်းနေရာယူထားသည့်အင်အားနှင့် ခေါင်းဆောင်(စိစစ်ဆဲ) ကေကေအိုအဖွဲ့က ထပ်မံထိန်းသိမ်းခဲ့ပြီး သိမ်းဆည်းထားသည့်လက်နက်များကို ယူဆောင်၍ ကျိုက်မရောမြို့၏ အရှေ့ဘက်ရှိ အတ္ထရံမြစ်ကိုဖြတ်ကူးကာ အရှေ့ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်းသိရှိရသဖြင့် နယ်မြေခံတပ်မတော်စစ်ကြောင်းများဖြင့် လိုက်လံရှင်းလင်းဆောင်ရွက်ခဲ့သည်။

စက်တင်ဘာ ၃၀ရက် နံနက် ၉နာရီခွဲတွင် အမှတ်(၂၀၄)ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးစိုးဇေယျာလင်း ဦးစီးတပ်စုတစ်စုနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုက်မရောမြို့လုံခြုံရေးအတွက် စက်လှေဆိပ်ဝင်ထွက်မှုအား စစ်ဆေးနေစဉ် မသင်္ကာဖွယ် အမျိုးသားတစ်ဦးတွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ကေကေအို စောဆန်းအောင်အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံဗိုလ်ကြီးအဆင့်ရှိ အောင်နိုင်ဖြစ်ကြောင်းနှင့် စောဝင်းဇော်အဖွဲ့အား ရွှေဝါချောင်ကျေးရွာတွင် စောဆန်းအောင်နှင့်အတူ သွားရောက်တွေ့ဆုံပူးပေါင်းခဲ့သူဖြစ်ကြောင်း သိရသည်။

၎င်း၏ ထွက်ဆိုချက်များအရ ကေကေအို စောဆန်းအောင်အဖွဲ့က သိမ်းဆည်းသွားခဲ့သော လက်နက်များအနက် အချို့ကို ဝှက်ထားကြောင်း ဖော်ထုတ်ရရှိခဲ့ပြီး ဆက်လက်ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ဗိုလ်ကြီးအဆင့်ရှိ အောင်နိုင်အား အောက်တိုဘာ ၄ ရက်တွင် နယ်မြေခံတပ် လှုပ်ရှားစစ်ကြောင်းသို့ လွှဲပြောင်းပေးခဲ့သည်။

ထိုနေ့တွင်ပင် ရွှေဝါချောင်ကျေးရွာအနီးတစ်ဝိုက်၌ ဖော်ထုတ်ခဲ့ရာ ညနေပိုင်းတွင် သိမ်းဆည်းသွားသော လက်နက်ငယ်သုံးလက်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ကျန်လက်နက်များကို ဆက်လက်ရှာဖွေရန် ရွှေဝါချောင်ကျေးရွာအနီး၌ ညအိပ်အခြေပြုစဉ် ည ၇ နာရီ ၄၅ မိနစ်၌ အပေါ့သွားရန်အကြောင်းပြချက်ဖြင့် အောင်နိုင်က ကင်းစောင့်စစ်သည်အား ရုတ်တရက် လုံးထွေးပြီး လက်နက်လုယူ၍ ထွက်ပြေးရန်ကြိုးပမ်းစဉ် ကင်းစောင့်စစ်သည်၏ ပစ်ခတ်ဖမ်းဆီးမှုကြောင့် အသေဖမ်းဆီးရမိကာ ရွှေဝါချောင်ကျေးရွာ၏တောင်ဘက်မီတာ ၈၀၀ ခန့် အကွာတွင် ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြောင်း သိရှိရသည်။

သို့ရာတွင် အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ဒေါ်သန္တာဆိုသူက ကျိုက်မရောနယ်မြေ အမှတ်(၂၀၈) တပ်ရင်းသို့လာရောက်၍ လှေဆိပ်အနီးဖမ်းဆီးခံရသူမှာ မိမိ၏ခင်ပွန်း အောင်နိုင်(ခ)ပါကြီးဖြစ်ပြီး ပျောက်ဆုံးနေသူဖြစ်ကြောင်း တပ်ရေးဗိုလ်ကြီးထံ စုံစမ်းခဲ့သည်။

အဆိုပါစုံစမ်းမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ ကွပ်ကဲမှု အောက်တပ်များအား အသေးစိတ်စိစစ်ခဲ့ရာ လက်နက်လုယက်မှုကြောင့် ပစ်ခတ်ဖမ်းဆီးခံရပြီး သေဆုံးသူမှာ ဒေါ်သန္တာ၏ ခင်ပွန်းဖြစ်သူ အောင်နိုင်(ခ)ပါကြီးဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အနေဖြင့် မိသားစုဝင်များအား ခေါ်ယူ၍ ဖြစ်စဉ်အခြေအနေများကို အသိပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

***ကျောဖုံးမှ***

ချမ်းမြေ့အောင် (မြန်မာ) အတွဲက လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း (တုတ်သိုင်း) အပြေပြိုင်ပွဲတွင် အောင်ကိုဝင်း(မြန်မာ)က လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ဆုရရှိသူများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ဦးဇော်ဝင်း၊ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲမြင့်နှင့်တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဗီယက်နမ်က ရွှေကိုးခု၊ ငွေ ၁၃ ခု၊ ကြေးနှစ်ခုဖြင့် ပထမ၊ အိမ်ရှင်မြန်မာက ရွှေခုနစ် ခု၊ ငွေသုံးခု၊ ကြေး ၁၀ ခုဖြင့် ဒုတိယ၊ ကမ္ဘောဒီးယားက ရွှေသုံးခု၊ ငွေသုံးခု၊ ကြေးရှစ်ခုဖြင့် တတိယ ရရှိခဲ့သည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

# ညောင်လေးပင်မြို့မဈေးကြီး၌ မီးဘေးကာကွယ်သရုပ်ပြလေ့ကျင့်

**ညောင်လေးပင် အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို အောက်တိုဘာ ၂၁ ရက်က အဆိုပါဈေးကြီး ရှေ့၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်က မီးငြိမ်းသတ်နည်းကို မီးသတ်ကိရိယာများဖြင့် လက်တွေ့ရှင်းလင်းပြသကာ ဈေးသူဈေးသားများကိုလက်တွေ့ပြုလုပ်စေခဲ့သည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မော်တော်ယာဉ်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ ယင်းသရုပ်ပြလေ့ကျင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကာ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစိုးပိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအဖွဲ့ ဦးသိန်းနိုင်နှင့်တာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် ဈေးသူ ဈေးသားများ တက်ရောက်ခဲ့ကြသည်။

ဈေးရောင်းသူတစ်ဦးက“သက်ဆိုင်ရာက ကျွန်တော်တို့ ဆိုင်ခန်းတွေ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာလာရောက်ဖြန့်ဝေပေးတာ၊ လက်တွေ့ သရုပ်ပြလေ့ကျင့်မှု လုပ်ပေးတာကြောင့် မီးဘေးကာကွယ်ရေးနဲ့ပတ်သက်ပြီး ဗဟုသုတလည်းရပါတယ်။ အခုလို လုပ်ပေးတဲ့အတွက် မီးလောင်ရင်ဘယ်လိုလုပ်ရမယ်ဆိုတာကို အထိုက်အလျောက်သိရှိတဲ့အတွက် အများကြီးကျေနပ်မိပါတယ်” ဟု ပြောကြားခဲ့သည်။ **နေလင်း(ညောင်လေးပင်)**



# မြို့ပြနှင့်အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူလူထုအတွက် အရေးကြီးသောကိစ္စရပ်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ၏ မြို့ပြနှင့်အိမ်ရာကဏ္ဍ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မူဝါဒ၊ လုပ်ငန်းစဉ်များကို ဘက်စုံ ရှုထောင့်စုံမှ ပေါင်းစပ်ပါဝင်ရေးဆွဲပြီး မြို့ပြနှင့်အိမ်ရာစီမံကိန်းကို စနစ်တကျ အကောင်အထည်ဖော်သွားနိုင်ရန် ပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးမှု (Socio-Economic Development) တိုးတက်ကောင်းမွန်လာစေရန်၊ မြို့ပြနှင့်ကျေးလက်ဒေသများတွင် မူလရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ခေတ်မီဖွံ့ဖြိုးသော မြို့ပြလူနေမှုပတ်ဝန်းကျင်ကောင်းဖြစ်လာစေရန် ဟူသော ရည်မှန်းချက်များဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး မူဝါဒများနှင့်စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက နေပြည်တော်ရုံးအမှတ်(၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က မြို့ပြနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူလူထုအတွက် အရေးကြီးသော ကိစ္စရပ်ဖြစ်၍ နိုင်ငံတော်အကြီးအကဲမှHousing Plan များ မဆောင်ရွက်မီ National Housing Policy and Strategies များ ချမှတ်ရေးဆွဲဆောင်ရွက်ရန် လမ်းညွှန်မှုပြုထားပြီး မြို့ပြအိမ်ရာနှင့် ဆက်နွှယ်ပါဝင်ပတ်သက်နေကြသောဝန်ကြီးဌာနများ၊အဖွဲ့အစည်းများ၊ ပညာရှင်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှဦးဆောင်မှုဖြင့် ယနေ့ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါကြောင်း၊ ယနေ့မြန်မာနိုင်ငံမှာ အလုပ်အကိုင် ဝင်ငွေနှင့် အခြားသောအခွင့်အလမ်း အားသာချက်များကြောင့် ကျေးလက်မှ မြို့ပြ၊ မြို့ငယ်လေးများမှ မြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်မှု များပြားလာသည့်အခါ မြို့ကြီးများ၊ မြို့လတ်များ၏ မြို့ပြဧရိယာများ ချဲ့ထွင်ပြီး မြို့သစ်တိုးချဲ့ရေးစီမံကိန်းများ ကြိုတင်ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း။

နိုင်ငံတစ်ဝန်း မြို့ပြဒေသများမှ ဝင်ငွေနည်းသူ၊ ဝင်ငွေအလယ်အလတ်အဆင့်ရှိသူ ပြည်သူများအတွက် သင့်လျော်သည့် အိမ်ရာများကို အစိုးရဝန်ထမ်းများအတွက် အိမ်ရာများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး အစီအမံများ ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ချက်များ ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသွားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ အိမ်ရာများ၊ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် လျှပ်စစ်ကဏ္ဍစာတမ်း၊ ရန်ကုန်မြို့တော်ရေပေးဝေရေး၊ မိလ္လာစွန့်ပစ်ရေးနှင့် စွန့်ပစ်အမှိုက် စီမံခန့်ခွဲရေးလုပ်ငန်းများ စာတမ်း၊ မန္တလေးမြို့ လက်ရှိရေပေးရေး အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ စာတမ်း၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းနှင့်ပတ်သက်သည့် စာတမ်း၊ အိမ်ရာစီမံကိန်းနှင့် စီမံခန့်ခွဲမှုစနစ်စာတမ်း၊ အငှားချ ပြည်သူ့အိမ်ရာများ ဖွံ့ဖြိုးတိုးတက်ရေးစာတမ်း၊ အိမ်ရာလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းစာတမ်း၊ အိမ်ရာငွေကြေးစနစ် ဖွံ့ဖြိုးရေးအစီအစဉ်များစာတမ်း၊ ပြည်သူများအတွက် သင့်လျော်ကောင်းမွန်သော အိမ်ရာများ တည်ဆောက်ရေး၊ မြေယာလိုအပ်ချက်နှင့် ကျူးကျော်အိမ်ရာပြဿနာများ ဖြေရှင်းရေးစာတမ်း၊ ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်းကျူးကျော် အိမ်ရာပြဿနာများ ဖြေရှင်းရေးစာတမ်း၊ အိမ်ရာစီမံကိန်း မြေလိုအပ်ချက်နှင့် ကျူးကျော်အိမ်ရာ ဖြေရှင်းရေးစာတမ်းများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် စာတမ်းရှင်များက အသီးသီးဖတ်ကြားဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များက သိလိုသည်များ မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးချက်များနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ



**အောက်တိုဘာ ၂၃ ရက်က သန်လျင်မြို့ နယ်သတင်းထောက်ဦးသန်းဝင်း၏ စီစဉ်ပေးမှုဖြင့် သတင်းစာဆရာကြီး ဦးအေးဖေ(အေးဖေအေး-မုံရွာ) အားရည်စူး၍ သားဖြစ်သူ ဦးကျော်ကျော်အောင် (လက်ထောက်ညွှန်ကြားရေးမှူး ဆည်မြောင်းဦးစီးဌာန သန်လျင်မြို့)-ဇနီး ဒေါက်တာချိုချိုလွင်(ဆေးရုံအုပ်ကြီး သန်လျင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ)၊ သမီး မပြုံးမိုမိုကျော် မိသားစုက မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ ငွေကျပ် ၁၅၀၀၀၀ ကို သန်လျင်ဆည်မြောင်းမွှာရုံတွင်ပေးအပ်လှူဒါန်းခဲ့ရာ အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(ရန်ကင်း)၊ အဖွဲ့နာယက ဦးမျိုးမြင့်(စာတည်း-ငြိမ်း)၊ ဦးကျော်မြင့်သန်း(လမ်းမတော်) တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

အောင်သန်း (မင်္ဂလာတောင်ညွန့်)

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိဖလှယ်ဆွေးနွေးပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၄**

လူမှုဝန်ထမ်းရုံးနှင့် Save The Children ပူးပေါင်းပြုလုပ်သော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသိဖလှယ်ဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြန်မာနိုင်ငံဆရာဝန်များအသင်းရုံး၌ ကျင်းပကြောင်း သိရသည်။

ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ပါ အချက်အလက်များနှင့် ကလေးသူငယ် ဥပဒေပါ ပြဋ္ဌာန်းချက်များကို လက်ရှိအခြေအနေထက် ပိုမိုလေ့လာသိရှိခွင့် ရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကုလသမဂ္ဂ သဘောတူညီချက်များနှင့် မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ရပ်ရွာပြည်သူလူထုအပါအဝင် လူကြီးမိဘများအားလုံးက သိရှိလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့ဒေသရှိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကိစ္စရပ်၌ ပြည်သူလူထုများ သိရှိပူးပေါင်းဆောင်ရွက်နိုင်အောင် ဦးစီးဆောင်ရွက်သွားရေးအတွက် အသိဖလှယ်ဆွေးနွေးပွဲများကိုပြုလုပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အနာဂတ်ကို ဖန်တီးတည်ဆောက်ကြမည့် ကလေးသူငယ်လူငယ်မျိုးဆက်သစ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်၍ ကလေးများနှင့် လိုက်ဖက်သည့် ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော ပတ်ဝန်းကျင်ကောင်းဖြစ်လာစေရန် ပြည်သူ့ကိုယ်စားလှယ်များ အပါအဝင် အားလုံးလက်တွဲညီညီဆောင်ရွက်ကြရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အဖွင့်အမှာစကား၌ ထည့်သွင်းပြောကြားသွားကြောင်း သိရသည်။

ဆက်လက်၍ Save The Children အဖွဲ့၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အဆင့်ဆင့်တာဝန်ရှိသူများနှင့် ကလေးသူငယ်များဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းဆိုင်ရာအစီရင်ခံစာတင်ပြချက်၊ အကြံပြုချက်များနှင့် ဆိုင်သော အချက်အလက်များအကြောင်း ဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ ရှင်းလင်းပြောကြားပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိဖလှယ်ဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်ထိ ဆွေးနွေးသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၁) တွင်ဖော်ပြခဲ့သော မြန်မာပြည်မြောက်ဖျားပိုင်းမှ ထရုန်လူမျိုးများ သတင်း ကော်လံ-၂ တွင် မန္တလေးတက္ကသိုလ် မနုဿဗေဒဌာန အစား ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနဟုလည်းကောင်း၊ ကော်လံ ၃ တွင် လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်က အစား လွန်ခဲ့တဲ့၂၀၀၃ ခုနှစ်ကဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(ဟန်နီဝင်း)**

MMM

# May & Mark Gems

၂၀၁၄ အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ်ရှေ့ရှိ Palm Spring Resort ၌ **May & Mark Gems မြစ်ကြီးနားဆိုင်ခွဲ** ဖွင့်ပွဲတွင် ဖဲကြိုးဖြတ် တက်ရောက်ဂုဏ်ပြုချီးမြှင့်ပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းတို့နှင့်အတူ တက်ရောက်ဂုဏ်ပြုချီးမြှင့်ပေးပါသော လုပ်ငန်းရှင်ကြီးများနှင့် ဧည့်သည်တော်များကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ဒေါ်အက်စ်ခေါင်နန်း**

**May & Mark Gems ဝန်ထမ်းများ**

**Palm Spring Resort ဝန်ထမ်းများ**

ကြော်ငြာ


# တောင်ကြီးမြို့၏ပထမဦးဆုံးသော(၁၆)ထပ် ကွန်ဒိုမီနီယံ

## တောင်ကြီးတန်ဆောင်တိုင် - လာဖြစ်အောင်လာပါ
## နန်းထိုက်ရွှေစင် Show Room - ကြည့်ဖြစ်အောင်ကြည့်ပါ





အရည်အသွေးကိုတန်ဖိုးထားပြီး နိုင်ငံတကာအဆင့်မီ CONDO အင်္ဂါရပ်များနှင့် အညီ ဖွဲ့စည်းတည်ဆောက်သည်။

အခန်းပေါင်း (၅၀) ပါဝင်သည်။



- တောင်ကြီးမြို့၏ အချက်အချာ မြို့ထဲအမြင့်ပိုင်းတွင်ရှိပြီး
- မြကန်သာရောက်နှင့်၏မြောက်ဘက် တောင်ကြီးဆောင် နောက်ဖက်
- အေးချမ်းသပ်ရပ်သော မြို့ပယ်ဝန်းကျင် လမ်းကျယ်နှစ်ခုဆုံရာထောင့်တွင် တည်ရှိသည်။




မိတ်ဆွေတို့ရဲ့ အကျိုးအမြတ်နဲ့ အခွင့်အရေးအတွက် လက်ဦးမှုယူထားလိုက်ပါ...

| ROOM TYPES | | |
|---|---|---|
| Type A | 2170 sq.ft | (3) M.bed + (1) Cm.bed + (1) Maid Rm |
| Type B | 1950 sq.ft | (3) M.bed + (1) Maid Rm |
| Type C | 1865 sq.ft | (2) M.bed + (1) Cm.bed + (1) Maid Rm |
| Type D | 1770 sq.ft | (2) M.bed + (1) Cm.bed + (1) Maid Rm |

မြေညီထပ်နှင့် (၁)ထပ်မျက်နှာစာတွင် ဘဏ်ခွဲ၊ ကုမ္ပဏီရုံးခန်းကြီး/ငယ်၊ Show Room၊ ဆိုင်ခန်းကြီး/ငယ် ဖွင့်နိုင်သော **ရောင်း/ငှားရန်** 620 sq.ft, 1850 sq.ft, 3920 sq.ft, 7745 sq.ft တို့ပါရှိသည်။

**ငွေပေးချေမှုပုံစံ**
- 30% ကို (၆) လတွင် ... လစဉ် 10% စီခွဲ၍ ပေးသွင်းရန်။
- 65% ကို (၆) အရစ်ကျပေးသွင်းပြီး (နောက်ဆုံးလမှစ၍) 2015 December အထိ လစဉ် အရစ်ကျ ပေးသွင်းရန်။
- 5% ကို အခန်းအပ်နှံချိန်တွင် ပေးသွင်းရန် 31st December 2015 နောက်ဆုံးထား၍ အခန်းအပ်ပါမည်။

LIKE US ON facebook
www.facebook.com/TaunggyiNangHtikeShweSin

အခန်းအတွင်းပိုင်း ပြင်ဆင်မှုများကို Site တွင် မြင်နိုင်ရန် ပြသထားပါသည်။

Living Room



Rooftop Swimming Pool



Kitchen



Living & Dining Room



ကုမ္ပဏီရုံးခန်း - အမှတ်(၁၀၀)၊ ဘီတာလမ်း (အဝိုင်း - ပုံနှိပ်လုပ်ငန်း)၊ ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့။
ကွန်ဒိုတည်နေရာ - အမှတ်(၁၀၉)၊ မဟာဝန္နလမ်းနှင့်ဘီတာလမ်းထောင့်၊ ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့။

Ph: 09-5211622, 09-5211655, 09-5210496

## ဘုရားပွဲတော်ဆိုင်ခန်းများ လေလံဖြင့် ရောင်းချမည်

**ရေတာရှည် အောက်တိုဘာ ၂၄**

နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသော သမိုင်းဝင်ဓာတ်တော်ဘုရားကြီးပွဲတော်ကာလတွင် ဆိုင်ခန်းပေါင်း ၄၀၀ ကျော် ပါဝင်ပြီး ဆိုင်ခန်းများအတွက် လေလံပွဲကို အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။ ရာသီအတွင်း ပထမဦးဆုံးကျင်းပသည့် ပွဲတော်ကြီးဖြစ်၍ မြို့များနှင့် ကျေးလက်ဒေသများပါမကျန် လာရောက်ကြသည့်အတွက် အလွန်စည်ကားသည့်ပွဲတော်လည်း ဖြစ်သည်။

**ကိုလွင်(ဆွာ)**



## ပဲခူးပြည်သူ့ဆေးရုံအား စုပေါင်းသန့်ရှင်းရေးပြုလုပ်


**ပဲခူး အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများစုပေါင်း၍ အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက ပဲခူးပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ အမှိုက်များ၊ မြက်ပင်များ၊ သစ်ပင်အိုများခုတ်လှဲခြင်း၊ ဆေးရုံအတွင်းရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် လူနာစောင့်နားနေဆောင် ကြမ်းခင်းခြင်းနှင့် ဆေးသုတ်ခြင်းတို့ကို ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့် ဆည်မြောင်းသင်တန်းကျောင်း ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းတို့ ဦးဆောင်ပြီး ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်း ၂၀၀ တို့က စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မွန်ပြည်နယ် ဘီးလင်းမြို့နယ် မုသင်ကျေးရွာ မဇ္ဈိမာရုံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တပညိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဗိုလ်ကတော်ရွာ ခမည်းတော် ဦးမောင်မြင့်-မယ်တော်ဒေါ်အုံးရွှေတို့မှ ၁၂၉၃ ခုနှစ်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော် လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဗိုလ်ကတော်ရွာ ဗိုလ်ကတော်ကျောင်းဆရာတော်ထံတွင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော်-မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဝေါမြို့နယ် ဗိုလ်ကတော်ရွာ ဗိုလ်ကတော်ကျောင်းတွင် ပရိယတ္တိစာပေများကို ဆည်းပူးသင်ယူခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည်သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ၂၀၀၁ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာပြုတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်းသက်တော်(၈၃)နှစ် သိက္ခာတော် (၆၃)ဝါအရ ၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ ၂၀-၁၀-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှသတင်းရရှိသည်။

**(မြန်မာ့အလင်း)**

## ဇမ္ဗူသီရိမြို့နယ်၌ တိုင်းရင်းဆေးပညာသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ ဒက္ခိဏခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ဒက္ခိဏခရိုင် တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်းပြီး အခြေခံတိုင်းရင်းဆေးပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ အတွင်းရေးမှူး ဒေါ်မီမီစိုး၊ ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ဌာနမှ သင်တန်းပို့ချမည့် ဆရာဆရာမများ၊ ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်အဖွဲ့ဥက္ကဋ္ဌတို့က သင်တန်းသား သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**



## ရဲအရာရှိများ လုံခြုံရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဆင်း

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရဲအရာရှိများ လုံခြုံရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၄) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဟန်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက သင်တန်းသား ရဲအရာရှိ ၁၀၀ တို့၏ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ခဲ့သည်။

**တင်မောင်(မန္တလေး)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## လျှပ်စစ်အန္တရာယ်ကာကွယ်ရေးအတားအဆီးပစ္စည်းများ တပ်ဆင်

**ထန်းတပင် အောက်တိုဘာ ၂၄**

ထန်းတပင်မြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် လူစည်ကားရာ နေရာများဖြစ်သော ကံ့ကော်လမ်း၊ ဦးစံအေးလမ်းနှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက် ၄၀၀ ဗို့အား လိုင်းများတွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုးပြတ်တောက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် အကာအကွယ်ပစ္စည်း Likin Rope များကို အောက်တိုဘာ ၁၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှ ဝန်ထမ်းများက ကြီးကြပ်၍ ဆောင်ရွက်ခဲ့သည်။

**အိသင်းထိုက်(iprd)**

**အမည်ပြောင်း**

ပြင်ဦးလွင်မြို့၊ နှင်းဆီမြိုင်နေ ဦးညွန့်ဆွေ၏သား မောင်ဖြိုးမောင်မောင်ဆွေအား မောင်ဘုန်းဇော်မြင့်ဟုလည်းကောင်း၊ မငြိမ်းအိအိဆွေအား မကသစ်ဖူးဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**ဖခင်အမည်မှန်**

ရေဦးမြို့၊ မော်ကွန်းသစ် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ တက္ကသိုလ်ဝင်တန်း (C)မှ မချစ်ထွန်းမွန်၏ ဖခင်အမည်မှန်မှာ ဦးစံရှား ၅/ရဥန(နိုင်)၀၀၀၁၉၄ ဖြစ်ပါကြောင်း။

ဦးစံရှား

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀ယ/၉၉၁၈၀၊ Hensim HS 110A ယာဉ်လက်ဝယ်ရှိသူ ဒေါ်သော်တာသိန်း ၉/မကန(နိုင်)၁၁၁၀၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

**အမည်မှန်**

လွယ်ဂျယ်မြို့၊ အောင်ဇေယျာရပ်ကွက် အိမ်အမှတ် ၄၂ နေ ဦးကျိုမီရှင်၏သမီး မဟုန်လင့်၏ အမည်မှန်မှာ မဟုန်လီ ဖြစ်ပါကြောင်း။

မဟုန်လီ

**တစ်ဦးတည်းဖြစ်ကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၃) တက္ကသိုလ်ဝင်တန်းမှ မအေးချမ်းသူ၏ဖခင် ဦးဇော်ထွန်းဦးနှင့် ဦးမောင်ဇော် ၅/ကလထ(နိုင်)၁၆၉၃၆၆ မှာ တစ်ဦးတည်းဖြစ်ပါသည်။

ဦးဇော်ထွန်းဦး(ခ)ဦးမောင်ဇော် ၅/ကလထ(နိုင်)၁၆၉၃၆၆

**ဖခင်အမည်မှန်**

ဝမ်းတွင်းမြို့နယ်၊ သဲတော အထက တက္ကသိုလ်ဝင်တန်း(A)မှ မမာဆွေ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ဖြစ်ပါကြောင်း။

ဦးကျော်ဝင်း

**အမည်ပြောင်း**

ခန္တီးမြို့၊ ပေါမိုင်း၊ ဗိုလ်ချုပ်လမ်းနေ ဦးစံရှား ၅/ရဥန(နိုင်)၀၀၀၁၉၄၏ သမီး မချစ်ထူးမွန်အား ယနေ့မှစ၍ မချစ်ထွန်းမွန်ဟု ပြောင်းလဲခေါ်ပါရန်။

မချစ်ထွန်းမွန်

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၆ယ/၅၇၁၀၄၊ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးအောင်ဝင်း ၉/မရမ(နိုင်)၀၈၈၇၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

**ဖခင်အမည်မှန်**

အထက(၂) လှိုင်သာယာ တက္ကသိုလ်ဝင်တန်း(Q)မှ မောင်သန့်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းစိုး ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၃) အဋ္ဌမတန်းမှ မသက်ပိုင်ထွေး၏ ဖခင်အမည်မှန်မှာ ဦးကျော်တင့် ၅/ကလထ(နိုင်)၀၁၇၁၉၀ ဖြစ်ပါသည်။

ဦးကျော်တင့် ၅/ကလထ(နိုင်)၀၁၇၁၉၀

**ဖခင်အမည်မှန်**

ဝမ်းတွင်းမြို့နယ်၊ သဲတော အထက တက္ကသိုလ်ဝင်တန်း(F)မှ မခင်လေးမယ်၏ ဖခင်အမည်မှန်မှာ ဦးသန်းလှိုင် ဖြစ်ပါကြောင်း။

ဦးသန်းလှိုင်

**အမည်မှန်**

တန့်ယန်းမြို့နယ်၊ လုံမုံအုပ်စု၊ နမ့်လန်ကျေးရွာနေ နန်းစံနွမ်း၏ အမည်မှန်မှာ နန်းစံနွမ်း(ခ)နန်းကျမ်နွမ်းနှင့် ဖခင်အမည်မှန်မှာ ဦးဆန်လှ(ခ)ဦးစိုင်းလှ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၄၄၄၁၉၊ Yinxiang 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင် ၉/မရမ(နိုင်)၀၆၀၈၇၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

**အမည်ပြောင်း**

ဦးလုံပူယော်၏သား ကွတ်ခိုင်မြို့ ပီတိမြေ ထက်ဆင့်သင်ကိုယ်ပိုင်ကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်လုံပူခွန်ဆာအား အိမ်ထောင်စုစာရင်းအရ မောင်အောင်ခွန်ဆာ ၁၃/ကခန(နိုင်)၀၈၈၇၈၂ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ခွန်ဆာ ၁၃/ကခန(နိုင်)၀၈၈၇၈၂

**မိဘအမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၃)တက္ကသိုလ်ဝင်တန်းမှ မအိအိချော၏မိဘအမည်မှန်မှာ ဦးဝင်းကို ၅/တမန(နိုင်)၀၃၆၂၉၆နှင့် ဒေါ်ခင်စန်းဝင်း ၅/တမန(နိုင်)၀၄၁၃၇၄ ဖြစ်ပါသည်။

ဦးဝင်းကို-ဒေါ်ခင်စန်းဝင်း

**မိဘအမည်မှန်**

ပုဗ္ဗသီရိမြို့နယ်၊ အမှတ်(၁၂၂)ပင်မ မူလတန်းလွန်ကျောင်း၊ သတ္တမတန်းမှ မအိအိစံ၏ ဖခင်အမည်မှန်မှာ (ဦးဘိုဘို)-ဒေါ်တင်တင်မွေး ၉/ပမန(နိုင်)၁၄၀၂၇၇ ဖြစ်ပါကြောင်း။

(ဦးဘိုဘို)-ဒေါ်တင်တင်မွေး

**အမည်မှန်**

တန့်ယန်းမြို့နယ်၊ လုံမုံကျေးရွာနေ နန်းမိုခမ်း၏ အမည်မှန်မှာ နန်းမိုခမ်း(ခ) နန်းလီခမ်းနှင့် ဖခင်အမည်မှန်မှာ ဦးစိုင်းအောင်ဆာ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ခ/၆၁၈၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/4722 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးတင်ရွှေ ၅/မရန(နိုင်)၀၅၉၀၉၁ ၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် မန်း ၂၀၁၀/၀၃၁ စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပါရန်။

ဦးတင်ရွှေ ဖုန်း-၀၉-၂၅၆၀၆၆၆၃၅

**ဖခင်အမည်မှန်**

တမူးခရိုင်၊ ခမ်းပတ်မြို့နယ်ခွဲ၊ အထက အဋ္ဌမတန်းမှ မစာရာ၏ ဖခင်အမည်မှန်မှာ ဦးကျောလုံကုန်း ၅/ကလထ(နိုင်)၀၇၈၁၄၄ ဖြစ်ပါသည်။

ဦးကျောလုံကုန်း ၅/ကလထ(နိုင်)၀၇၈၁၄၄

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးခင်မောင်ဝင်း ၉/မကန(နိုင်)၁၀၅၃၀၄ ၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်အမှတ် မန်း ၂၀၀၆/၂၃၄ စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပါရန်။ **ဦးခင်မောင်ဝင်း ဖုန်း-၀၉-၂၅၆၀၆၆၆၃၅**

**ဖခင်အမည်မှန်**

တမူးခရိုင်၊ ခမ်းပတ်မြို့နယ်ခွဲ၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်မင်းလွင်၏ဖခင်အမည်မှန်မှာ ဦးဇမ်ခိုဆေး ၅/တမန(နိုင်)၀၁၉၇၈၂ ဖြစ်ပါကြောင်း။

ဦးဇမ်ခိုဆေး ၅/တမန(နိုင်)၀၁၉၇၈၂

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# အမေရိကန်နိုင်ငံတွင်ပြုလုပ်မည့် မသန်စွမ်းသူများ ING NEWYORK CITY MARATHON ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ မသန်စွမ်းသူတစ်ဦး သွားရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၄**

(၄၅)ကြိမ်မြောက်အဖြစ် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပမည့် ING NEWYORK CITY MARATHON ၂၆ ဒသမ ၂မိုင် မသန်စွမ်းသူများ မာရသွန် ဖိတ်ခေါ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းမှ ဦးအေးကိုကိုက Hand Cycle ဖြင့် မြန်မာနိုင်ငံကိုယ်စားပြု တစ်ဦးတည်း သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ဦးအေးကိုကိုသည်ယင်း ၂၆ ဒသမ ၂မိုင်ပြိုင်ပွဲသို့ ခုနစ်ကြိမ်တိုင် နှစ်စဉ်ဆက်တိုက် သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး အလားတူ ကျင်းပသည့် ငါးမိုင်ပြိုင်ပွဲသို့လည်း သုံးကြိမ်တိုင် သွားရောက်ယှဉ်ပြိုင်ခဲ့သူတစ်ဦးဖြစ်သည်။

ယခင်နှစ်ပြိုင်ပွဲများ၌ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ Pushing လက်တွန်းလှည်းဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင် နိုင်ငံခြားမှ မိတ်ဆွေတစ်ဦး၏ အကူအညီဖြင့် ရရှိလာသော Hand Cycle ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ၎င်းက မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောကြားသည်။

ဦးအေးကိုကိုသည် မသန်စွမ်းသူများ အားကစားလောကသို့ ၁၉၈၅ ခုနှစ်က စတင်ဝင်ရောက်ယှဉ်ပြိုင်လာခဲ့သူတစ်ဦးဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် ဂျပန်နိုင်ငံ ကိုဘေမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် တောင်အာရှပစိဖိတ်နိုင်ငံများ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည်။ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် (၆) ကြိမ်မြောက် အားကစားပြိုင်ပွဲတွင် ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခံခဲ့ရသည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အားကစားပြိုင်ပွဲတွင်လည်း သံပြားပစ်၌ ရွှေတံဆိပ်ရရှိခဲ့သည့်အပြင် လုံးတံပစ်ပြိုင်ပွဲ၌ ကြေးတံဆိပ်ရရှိခဲ့သူ ဖြစ်သည်။

၂၀၁၂ ခုနှစ် လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် HANDA Cup ဗိုးချဲဘတ်စကက်ဘော ပြိုင်ပွဲတွင်လည်း နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးကြောင်း အားကစားပြိုင်ပွဲမှတ်တမ်းများအရ သိရသည်။

ယင်း ING NEWYORK CITY MARATHON ၂၆ ဒသမ ၂ မိုင်ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်းစုံမှ မသန်စွမ်းသူများ ပါဝင်ယှဉ်ပြိုင်လျက်ရှိကာ ပထမမှ ပဉ္စမအထိ ဆုများချီးမြှင့်ပေးခဲ့ပြီး ပန်းဝင်စံချိန်အဖြစ် ရှစ်နာရီသတ်မှတ်၍ သတ်မှတ်စံချိန်အတွင်း ပန်းဝင်လာသူများကို မှတ်တမ်းတင်ဂုဏ်ပြုပြီး ထိုမှတ်တမ်းဝင်သူများကိုသာဖိတ်ခေါ်၍ နှစ်စဉ်ပြိုင်ပွဲ ပြုလုပ်ခြင်းဖြစ်သည်ဟု သိရသည်။ ထို့အတွက် ဦးအေးကိုကိုမှာ ပြိုင်ပွဲစတင်ဝင်ရောက်သည့်နှစ်ကတည်းက စတင်ပြီး နှစ်စဉ်ဖိတ်ကြားခံခဲ့ရသူတစ်ဦးဖြစ်သည်။

ဦးအေးကိုကိုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ယစ်မျိုးမင်းကြီး ဦးသန်းစိန်-ဒေါ်ခင်မေသိန်းတို့က ၁၉၅၉ ခုနှစ် ဩဂုတ် ၉ ရက်တွင် မွေးဖွားခဲ့ပြီး မွေးချင်းခြောက်ယောက်အနက် အငယ်ဆုံးသားဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို ရန်ကုန်မြို့ ဗိုလ်တထောင် အထက(၁)မှ အောင်မြင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ဘီအေ(သမိုင်း)ဖြင့် ဘွဲ့ရရှိခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်း၌ အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်လျက်ရှိသည်။

မွေးစ၌ ကျန်းမာသန်စွမ်းခဲ့သူဖြစ်ပြီး အသက် နှစ်နှစ်နှင့် ခြောက်လအရွယ်တွင် အိမ်ရှေ့ရှိမြောင်းအတွင်းသို့ ကျခဲ့ပြီး မြောင်းအတွင်းမှ မသန့်ရှင်းသောရေများ ဝမ်းဗိုက်အတွင်းသို့ ဝင်ရာမှ စတင်၍ပိုလီယိုရောဂါစတင်ခံစားခဲ့ရပြီး ဒူးအောက်ပိုင်းခြေထောက်နှစ်ချောင်းစလုံးမှာ ပိန်လှီလာခဲ့ကာ မတ်တတ်မရပ်နိုင်သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။



ကျိုက္ကဆံအားကစားကွင်း၌ လေ့ကျင့်နေမှုမြင်ကွင်း။ဓာတ်ပုံ-စောတင်ဝင်း(နေဝန်းနီ)

"ဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံကနေ အမေရိကန်နိုင်ငံအထိက ကိုယ့်စရိတ်နဲ့ကိုယ်ပါ။ နယူးယောက်ရောက်မှ သူတို့ဘက်က ပံ့ပိုးပေးတာပါ။ ကမ္ဘာ့နိုင်ငံပေါင်းစုံက မသန်စွမ်းသူတွေ အများကြီး လာရောက်ယှဉ်ပြိုင်ကြတယ်။ ကျွန်တော် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ရတဲ့ရည်ရွယ်ချက်က မြန်မာနိုင်ငံက မသန်စွမ်းအားကစားသမားတွေရဲ့ဂုဏ်မြှင့်တင်ဖို့၊ နောက်ကျန်းမာရေးအတွက်အပြင် မြန်မာနိုင်ငံက သာမန်အားကစားသမားများ မသန်စွမ်းအားကစားသမားများ အတုယူအားကျစေချင်တဲ့ဆန္ဒနဲ့ပါ"ဟု ဆိုခဲ့သည်။

ယခုအခါ Hand Cycle ဖြင့် တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း ကာယပညာသိပ္ပံ(ရန်ကုန်) မီတာ ၁၄၀၀ ကွင်း၌ အားကစားသိပ္ပံမှ ဦးနေမျိုးဦး၏ အကူအညီဖြင့် နေ့စဉ် လေ့ကျင့်လျက်ရှိသည်။

ပြိုင်ပွဲကို ၂၀၁၄ နိုဝင်ဘာ ၂ ရက်တွင် ကျင်းပမည်ဖြစ်ရာ ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် အောက်တိုဘာ ၂၅ ရက် နံနက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## သတင်းတို

### မန္တလေး၌ စားသုံးသူကာကွယ်ရေး အသိပညာပေး

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကျန်းမာရေးဌာနခွဲသည် စားသုံးရန်မသင့်သော ဓာတုဆိုးဆေးများပါဝင်သည့် စားသောက်ကုန်များကို ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ် ၉လမ်းနှင့် ၁၀ လမ်းကြား၊ ၇၆ လမ်းရှိ မိဘဈေးတွင် အသိပညာပေး ဟောပြောဆောင်ရွက်သည်။

**စာစောင်ဝေငှပေး**

စားသုံးသူ ကာကွယ်ပေးရေးအတွက် အသိပညာပေးဟောပြောရာတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနခွဲမှ လက်ထောက်ဆရာဝန်ဒေါက်တာ နွယ်အိခိုင်၊ လက်ထောက်ဆရာဝန်ဒေါက်တာဆုရည်မျိုးတို့က ဟောပြောကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးကြကြောင်း သိရသည်။

**တင်မောင် (မန္တလေး)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲအကောင်အထည်ဖော်ရေးညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ မဟာဗျူဟာစီမံချက် (NAPA) ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး လက်တွေ့မြေပြင်အခြေအနေများအား လေ့လာသိရှိနိုင်ရန် ကွင်းဆင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ရုံးအမှတ် (၁၄) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ FAO မှ NAPA စီမံကိန်း Chief Technical Advisor ဖြစ်သူ Dr. Dilip Kumar နှင့် Sector အလိုက် National Consultantsများ၊NAPA အကောင်အထည်ဖော် ဆောင်ရွက်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ Technical Working Group အဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာမဟာဗျူဟာစီမံချက် ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့များခွဲ၍ ကွင်းဆင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အထူးသဖြင့် မြန်မာနိုင်ငံ အပူပိုင်းဇုန်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသအလုပ်အကိုင်ရရှိရေး၊ကျေးလက်ဒေသငွေကြေးအရင်းအနှီး ရရှိရေး၊ ရိတ်သိမ်းချိန်လွန် စိုက်ပျိုးမွေးမြူရေး၊ ကမ်းရိုးတန်းဒေသ အရင်းအမြစ် စီမံခန့်ခွဲမှု၊မြေယာစီမံခန့်ခွဲမှု စသည့်ကဏ္ဍများနှင့်စပ်လျဉ်း၍ လက်တွေ့ကွင်းဆင်းဆောင်ရွက်သွားမည့်နေရာဒေသရွေးချယ်မှု၊ ကွင်းဆင်းခရီးစဉ်တွင် သက်ဆိုင်ရာဌာနများမှ လိုက်ပါဆောင်ရွက်ပေးမည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်း ဦးဆောင်သည့်အဖွဲ့ နိုင်ငံသားစိစစ်ရေးကတ်အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးရာ အောက်တိုဘာ ၂၁ ရက်က ဆွာမြို့ အထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်စဉ်။

**ကိုလွင်(ဆွာ)**

## Govt-High School၊ အထက (၁)စစ်တွေ၊ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ

နှစ်စဉ်ကျင်းပမြဲ မြတ်ဆရာပူဇော်ပွဲကို စစ်တွေမြို့နှင့် ရန်ကုန်မြို့တို့တွင် အောက်ပါအစီအစဉ်အတိုင်း တစ်ပြိုင်နက်တည်းကျင်းပပါမည်။ သက်ကြီးကျောင်းသူ ကျောင်းသားများနှင့် မျိုးဆက်သစ်ကျောင်းသူ ကျောင်းသားငယ်များပါမကျန် ပါဝင်တက်ရောက်ကြရန် ခင်မင်စွာဖြင့် (အထူး)ဖိတ်ကြားအပ်ပါသည်။

**နေရာ** - စစ်တွေ-ဝေသာလီခန်းမ (အထက -၁၊ စစ်တွေ)
**ရန်ကုန်** - ရခိုင်ပြည်နယ်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်။
**အချိန်** - နံနက် ၈း၃၀ နာရီမှ ၁၂း၀၀ နာရီအထိ
**နေ့ရက်** - ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၆ရက်၊ တနင်္ဂနွေနေ့ (အမျိုးသားနေ့)

**ဆက်သွယ်ရန်-**
**ရန်ကုန်တွင်** - ဦးမင်းစိန် ဖုန်း-၀၉-၅၆၈၀၅၈၀၊ ဦးအေးရွှေ ဖုန်း-၀၉-၄၅၀၀၁၂၅၆၇
ဒေါ်မမြသိန်း ဖုန်း-၀၉-၅၁၉၂၄၂၆၊
ဒေါ်မာလာကြည် ဖုန်း-၀၉-၇၃၁၅၄၃၁၃
**စစ်တွေတွင်** - ဦးဇော်ဝင်းမောင် ဖုန်း-၀၉-၄၂၁၇၃၆၈၄၇၊
ဒေါ်စောစောဝင်း ဖုန်း-၀၉-၂၅၄၂၀၃၂၆၇၊
ဒေါ်တင်တင်ဦး (အထက-၁၊ ကျောင်းအုပ်)၊ ဖုန်း-၀၉-၈၅၀၀၆၀၀

**မှတ်ချက်။** ။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပါဝင်တက်ရောက်ကြပါရန်။ မည်သည့်ခုနှစ်တွင် တက်ရောက်ခဲ့သည့် ကျောင်းသား ကျောင်းသူမဆို ပါဝင်တက်ရောက်ကြပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၈/၆၀၊ မြေကွက်တည်နေရာအမှတ်(၂၀၁)၊ မြတ်လေးနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ဒေါပုံ ဒေါ်ခင်သန်း ၁၂/ဒပန(နိုင်)၀၃၀၆၅၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သန်း(မိခင်)နှင့် ဦးကျော်အောင်(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်အုံးမြင့် ၁၂/သဃက(နိုင်)၀၁၉၆၄၂၊ ဒေါ်အုံးရှင် ၁၂/ဒပန(နိုင်)၀၃၀၆၅၅၊ ဒေါ်ဖြူဝင်း DBL-၀၁၀၀၂၀၊ ဦးစိန်မြင့် ၁၂/ဒပန(နိုင်)၀၃၀၅၉၉တို့က ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၀၀၁၂၈ Luojio 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းနိုင် ၉/ပမန(နိုင်)၁၄၀၀၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (မိတ္ထီလာခရိုင်)**

## မော်လမြိုင်အသင်း(ရန်ကုန်) (၈၉)ကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲ ဖိတ်ကြားခြင်း

မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၈၉)ကြိမ်မြောက် စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲကို ၂၀၁၄ခုနှစ် နိုဝင်ဘာ ၆ရက် (တန်ဆောင်မုန်းလပြည့်နေ့) ကြာသပတေးနေ့ နံနက် ၉း၀၀ နာရီတွင် ရွှေတိဂုံစေတီတော်၊ အနောက်ဘက်မုခ်၊ အောက်ပစ္စယာ၊ အုတ်လမ်း၊ မော်လမြိုင်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသား အသင်းသူများ၊ မော်လမြိုင်မြို့နယ်သူ မြို့နယ်သားများနှင့် ဓမ္မမိတ်ဆွေများကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၅-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၂၁) ကန့်ကွက်ကြော်ငြာ ဒေါ်မိုးဇင်ခိုင်၏ ပိုင်ဆိုင်မြေပုံကူးတွင် မြေကွက်အမှတ်(၆၉၈)အစား (၆၉၈/ခ)ဟု ဖတ်ရှုပါရန်။

## အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ ဘုတလက်တန်းကြီးကျေးရွာနေ ဦးလှစိုး-ဒေါ်ငွေးကြည်တို့၏သား မောင်ထက်ပိုင်စိုး ၇/အဖန(နိုင်)၀၈၃၅၉၄သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သမျှ လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း။

**ဦးလှစိုး ၇/အဖန(နိုင်)၀၀၆၀၂၆**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်၊ စက်သစ်ရပ်နေ ဦးသောင်းငြိမ်း-ဒေါ်ခင်စိန် တို့၏ သား ဒေါက်တာအောင်စိုးလင်း(BVSC,D.I.P Lis မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျိုက်မရောမြို့နယ်ဦးစီးမှူး) ၁၀/မဒန(နိုင်)၁၀၅၆၆၃သည် မိဘဆိုဆုံးမမှုများကို မနာခံဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝ(လုံးဝ)တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးသောင်းငြိမ်း-ဒေါ်ခင်စိန်
၁၀/မဒန(နိုင်)၀၇၄၅၃၈**

# လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား ငါးနှစ်လျှင် တစ်ကြိမ်ကျ လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခဲ့ရာ ယခု ၂၀၁၄-၂၀၁၅ ပွင့်လင်းရာသီတွင်လည်း လှူဒါန်းပူဇော်နိုင်ရန် ဂေါပကအဖွဲ့က စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး ဖြစ်သည်။ ရွှေသင်္ကန်းတော်ကပ်လှူနိုင်ရန် ငြမ်းဆင်ခြင်းလုပ်ငန်းကို စက်တင်ဘာလလယ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်သည်။

ရွှေသင်္ကန်းတော်ဆက်ကပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၁ ရက်မှစတင်ကာ တစ်ရက်လျှင် ရွှေပြားသင်္ကန်းတော်အလှူရှင် ၁၀၀ ဖြင့် အလှူရှင်များကိုယ်တိုင် စေတီတော်ပေါ်သို့ တက်ရောက်၍ ကပ်လှူနိုင်ရန် စေတီတော်ဂေါပကအဖွဲ့က စီစဉ်ထားပြီး အလှူရှင်များထံသို့လည်း အသိပေးအကြောင်းကြားထားပြီး ဖြစ်သည်။

ယခုတစ်ကြိမ်ကပ်လှူမည့် ရွှေပြားသင်္ကန်းတော်များမှာ ၂၀၀၉ ခုနှစ်မှ ယခု ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အလှူရှင်များ လှူဒါန်းထားသည့် ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော်များကို ကပ်လှူသွားမည်ဖြစ်ကြောင်းနှင့် (၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ပိုင်း)၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်လှူဒါန်းသည့် ရွှေပြား၊ ရွှေမျက်ပါးသင်္ကန်းတော်များကို နောက်တစ်ကြိမ် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ကပ်လှူပူဇော်မည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားသည်။

**ကိုချစ်**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# မလှိုင်မြို့ရှိ မေတ္တာကန်တော် ပြန်လည်တူးဖော်

**မလှိုင် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့သည် အစိုးရရုံးစိုက်ရာမြို့ဖြစ်ပြီး မိတ္ထီလာမြို့၏ အနောက်မြောက်ဘက်ရှိ သာစည်-မြင်းခြံ ရထားလမ်းနှင့် မိတ္ထီလာ-မြင်းခြံ ကားလမ်းပေါ်တွင် တည်ရှိသည့် မိတ္ထီလာမြို့နှင့် ၂၂ မိုင်ကွာဝေးသော မလှိုင်မြို့သည် ၄၃၁ စတုရန်းမိုင် ကျယ်ဝန်းသည်။

မလှိုင်မြို့တွင် နှစ်ပေါင်း ၂၀၀ ကျော်ခန့်ရှိ မေတ္တာကန်တော်သည် တိမ်ကော ခြောက်သွေ့နေသဖြင့် မြို့နယ် သံဃနာယကဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး မေတ္တာကန်တော်ကို ပြန်လည်တူးဖော် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် တူးဖော်ခဲ့ရာ ကန်ပတ်လည် အရှည် ပေ ၅၀၀၊ အရှေ့အနောက် ပေ ၂၀၀၊ တောင်မြောက် ပေ ၁၀၀၊ ကန်အနက် ၁၅ ပေခန့်ကို တူးဖော်ခဲ့ပြီး ခန့်မှန်းကုန်ကျငွေမှာ ငွေကျပ်သိန်း ၁၂၀ ခန့် ကုန်ကျမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရှေးနှစ်ပေါင်းများစွာက ဒေသခံပြည်သူများ အားထားခဲ့ရသည့် မေတ္တာကန်တော်ကို ပြန်လည်တူးဖော်ပေးခြင်းကြောင့် ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိပြီး ယခုအခါ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်ကျော် (မလှိုင်)**



# ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မကွေး အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် အောက်တိုဘာ ၁၈ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်နိုင်နှင့် အတူ ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေစကြိုမြို့ အမှတ်(၁)ရပ်ကွက်ရှိ နဂါးရုံအရှေ့ဘုန်းကြီးကျောင်းတိုက်သို့ ရောက်ရှိကာ ကျောင်းတိုက်ဆရာတော် ဦးဥတ္တမကို ဖူးမြော်ပြီး ကျောင်းအတွင်း ဆောက်လုပ်လျက်ရှိသော သိမ်ကျောင်းတော်အတွက် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ရေစကြိုမြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဘိုးဝင်းကို ပေးအပ်ခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီး ဦးမြင့်နိုင်၊ တိုင်းဒေသကြီး ဌာနဆိုင်ရာများ၊ ရေစကြိုမြို့နယ်ဌာနဆိုင်ရာများ၊ အလှူရှင်များက လှူဒါန်းငွေများကို ဆက်လက်ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက လက်ခံယူခဲ့သည်။

ထို့နောက် သိမ်နှင့် ပတ်သက်သော ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ရေစကြိုမြို့နယ် အထောက်အကူပြု ဥက္ကဋ္ဌနှင့် မြို့နယ် အင်ဂျင်နီယာမှူးက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သတ်မှတ်အရည်အသွေးတိုင်း ဆောင်ရွက်ရေး၊ သိမ်ဆောက်လုပ်ပြီးစီးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်အမည်ပေါက်ရေးအတွက် ဆောင်ရွက်ရေး၊ အလှူငွေ ရရှိမှုများအား စာရင်းဇယားများနှင့် စနစ်တကျသုံးစွဲရေးတို့ကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး အလှူငွေအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ဆက်လက်၍ သိမ်ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကျင်းပရာ ဝန်ကြီးချုပ်နှင့် တက်ရောက်လာသော ဧည့်သည်တော်များက သတ်မှတ်ထားသည့်နေရာများတွင် နေရာယူကာ ပန္နက်တင် အစီအစဉ်အတိုင်း ဆောင်ရွက်ပေးခဲ့ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေစကြိုမြို့နယ်မြေခံတပ်ရင်းအတွင်း မိုးရေလှောင်ကန် တည်ဆောက်နေမှုကို ကြည့်ရှုအားပေးပြီး နယ်မြေခံတပ်ရင်းများ၊ မိသားစုများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့သည်။

ယင်းနောက် ရေစကြိုမြို့ တမာတန်းကမ်းပတ်တာ တည်ဆောက်ပြီး ရေသွင်းရေထုတ်တည်ဆောက်နေမှုကို ကြည့်ရှု၍ BOT စနစ်ဖြင့် ဆောင်ရွက်နေသော ပခုက္ကူ-ရေစကြို-ချောင်းဦးလမ်း တိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်၌ ကြက်ခြေနီ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းအမှတ်စဉ် (၂) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်( ဆိပ်ကမ်း) မြို့နယ်ရှိ အဆိုပါ ကောလိပ်၌ ကျင်းပရာ ကျောင်းအုပ်ကြီးကိုယ်စား ဒုတိယကျောင်းအုပ်ကြီး ပါမောက္ခ ဦးတင်ဝက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီအဖွဲ့ တိုင်းဦးစီးမှူး (ပထမတန်း) ဦးမျိုးမင်းနောင်က မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပေးအပ်သည့် ဆေးအိတ်ကြီးလေးလုံးနှင့် ဆေးအိတ်ငယ် ၅၀ တို့ကို ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးဝင်းထွန်းနိုင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဆုရကျောင်းသားများကို ဆုများချီးမြှင့်ပေးသည်။

**(မြန်မာ့အလင်း)**

# လျှပ်စစ်မီးအား ပြည့်ဝ၍ ပြည်သူများဝမ်းသာ

**ပျဉ်းမနား အောက်တိုဘာ ၂၄**

နေပြည်တော် ပျဉ်းမနားမြို့ ပန်းခင်းရပ်ကွက် ပန်းခင်းလမ်းနှင့် နှင်းဆီလမ်းတို့ရှိ ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်စေရေးအတွက် ပျဉ်းမနားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့်ဝန်ထမ်းများက 11/0.4 KV(100) KVA ထရန်စဖော်မာတစ်လုံးကို ထပ်မံတိုးချဲ့တပ်ဆင်၍ အောက်တိုဘာ ၂၂ ရက်တွင် စတင်ဓာတ်အားဖြန့်ဖြူးပေးမှုကြောင့် ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဗို့အား အပြည့်အဝသုံးစွဲနိုင်သဖြင့် ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**(၁၈၅)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး**
**နေပြည်တော်**

**စာမေးပွဲဖြေဆိုရန်အသိပေးကြေညာခြင်း**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ ၂၀၁၄ခုနှစ် ဩဂုတ် ၂၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာနှင့်ကြေးမုံသတင်းစာများမှ ခေါ်ယူထားသည့် သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော တောအုပ်ကြီး(လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) ရာထူး(၂၇)နေရာအတွက် လျှောက်လွှာတင်ထားသည့် ပုဂ္ဂိုလ်များကို သစ်တောတက္ကသိုလ်၊ ရေဆင်းတွင် အောက်ဖော်ပြပါအတိုင်း ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ် | ဖြေဆိုရမည့်ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၁၅-၁၁-၂၀၁၄ (စနေနေ့) | ၀၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ |
| (ခ) | အင်္ဂလိပ်စာ | ၁၅-၁၁-၂၀၁၄ (စနေနေ့) | ၁၃း၀၀နာရီမှ ၁၅း၀၀နာရီအထိ |
| (ဂ) | အထွေထွေဗဟုသုတ | ၁၆-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) | ၀၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ |

၂။ စာမေးပွဲဖြေဆိုရန်အတွက် မိမိတို့တစ်ဦးချင်း ထိုင်ခုံနံပါတ်များကို သစ်တောတက္ကသိုလ်၊ ရေဆင်းတွင် ကြိုတင်ကြေညာပေးထားမည်ဖြစ်ပါသည်။ လူတွေ့ဖြေဆိုရမည့်ရက်စွဲ၊ အချိန်၊ နေရာတို့အား ဆက်လက်ထုတ်ပြန်ကြေညာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဖြေဆိုရန် လျှောက်ထားသူများသည် စာမေးပွဲဖြေဆိုမည့် ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၅ရက် (စနေနေ့) နံနက် ၈း၃၀နာရီအရောက် ဖြေဆိုရန်နေရာသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ လာရောက်သတင်းပေးပို့ရန်နှင့် စတင်စစ်ဆေးမည့်သတ်မှတ်ချိန်ထက် နောက်ကျ၍ စာမေးပွဲခန်းမအတွင်းသို့ ရောက်ရှိလာသော ပုဂ္ဂိုလ်များအား စာမေးပွဲဖြေဆိုခွင့်ပြုမည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

**သစ်တောဦးစီးဌာန**



**ပျောက်ဆုံး**

ကျွန်တော် မောင်မင်းမင်းအောင် ၅/ခဥတ(နိုင်)၀၈၁၂၄၈ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၃၃၉၉၅၄၁**



**လေလံတင်ရောင်းချရန်ကြော်ငြာစာ**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်ရှိ အောက်ဖော်ပြပါပစ္စည်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| လပ်ပုံအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ပစ္စည်းတည်နေရာ |
|---|---|---|---|
| (၁)(၂)(၃)(၆) | ကျွဲထီး | ၄ကောင် | မန်ဆန်းကျေးရွာ |
| (၄)(၅) | ကျွဲမ | ၂ကောင် | မန်ဆန်းကျေးရွာ |
| (၁) | ကျွန်းတံခါးရွက် | ၆၄ချပ် | ဦးစီးအရာရှိရုံး သစ်တောဦးစီးဌာန၊ သီပေါမြို့ |

လေလံတင်ရောင်းချခြင်းအား ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ၁၅-၁၁-၂၀၁၄ရက် (စနေနေ့) ၁၀း၀၀နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ လေလံဆွဲဝယ်ယူလိုသူများသည် လေလံဆွဲဝယ်ယူခွင့် လျှောက်လွှာများကို ၂၂-၁၀-၂၀၁၄ရက်မှ ၁၃-၁၁-၂၀၁၄ ရက်အထိ သီပေါမြို့နယ်၊ ဦးစီးအရာရှိရုံးတွင် တစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၃-၁၁-၂၀၁၄ရက်နောက်ဆုံးထား၍ သီပေါမြို့နယ်၊ ဦးစီးအရာရှိရုံးတွင် လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**ကျောက်မဲခရိုင်သစ်တောဦးစီးဌာန**
**ကျောက်မဲမြို့**



**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၄၉/ခ၊ မြေကွက်တည်နေရာအမှတ်(၄၉/ခ)၊ (၁)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်ညွန့်၊ ဒေါ်ခင်လှ၊ ဦးဟန်ညွန့်၊ ဦးစံလှိုင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်(ဒေါ်ခင်ညွန့်)နှင့်ခင်ပွန်း(ဦးသောင်း)ကွယ်လွန်သဖြင့် ၎င်းအစုကို သားသမီးများဖြစ်သည့် ဦးမြဝင်း ၁၂/ဥကတ(နိုင်)၀၃၆၄၃၀၊ ဒေါ်ရီရီမွန် ၁၂/ဥကတ(နိုင်)၀၁၃၃၈၄နှင့် ဒေါ်ရီရီဆွေ ၁၂/ဥကတ(နိုင်)၀၃၆၆၀၉တို့ကလည်းကောင်း၊ အမည်ပေါက်(ဦးစံလှိုင်)နှင့်ဇနီး (ဒေါ်အေးမြင့်)ကွယ်လွန်သဖြင့် ၎င်းအစုကို သားသမီးများဖြစ်သည့် ဒေါ်ရီရီနု ၁၂/ဥကတ(နိုင်)၀၁၃၄၃၈၊ ဒေါ်နီနီလှိုင် ၁၂/ဥကတ(နိုင်)၀၃၂၇၉၆၊ ဦးစိုးစိုးလှိုင် ၁၂/ဥကတ(နိုင်)၁၃၁၂၁၁နှင့် ဦးအောင်မြတ်ကျော် ၁၂/ဥကတ(နိုင်)၁၅၄၇၄၄တို့ကလည်းကောင်း၊ အမည်ပေါက် ဦးဟန်ညွန့် ကွယ်လွန်သဖြင့် ၎င်းအစုကို ဇနီးဖြစ်သူ ဒေါ်ငွေးရီ ၁၂/ဥကတ(နိုင်)၀၁၃၃၉၈ကလည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်လှ S/OKA-၀၀၃၂၈၁နှင့် ပူးတွဲ၍ ၎င်းတို့အားလုံးကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၇၅၂(၁၂-၈-၁၄)၊ ၂၁၇၆၃(၁၂-၈-၁၄)၊ ၂၁၁၅၂(၆-၈-၁၄)ဖြင့် လွှဲအပ်ခံရသူ ဒေါ်ခင်အေးကြည် ၁၂/တမန(နိုင်)၀၀၄၅၁၉က ပါဝါပေးသူသက်ရှိထင်ရှားရှိသေးကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ ၉၀၇၇(၂၀-၈-၁၄)ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှအိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

Lot 1- ကောလင်းမြို့၊ ပြည်သူ့အားကစားကွင်းအတွင်း နှစ်ထပ်အုတ်နံကပ်ပွဲကြည့်စင်တည်ဆောက်ခြင်း(၃၀'×၁၆'၃"×၁၉'၉")ရုံးခန်းနှင့် အရာရှိနေအိမ် (၄၅'×၃၀'×၉') (၄)ခန်းတွဲ ရေလောင်းအိမ်သာနှင့် မိလ္လာကန်တည်ဆောက်ခြင်း။

Lot 2- ဝန်းသိုမြို့နယ်အားကစားရုံ (၁၂၀'×၉၆') အကြီးစားပြုပြင်ခြင်း။

Lot 3- ဝက်လက်မြို့နယ် အားကစားကွင်းအတွင်း ရုံးခန်းနှင့် အရာရှိနေအိမ်တည်ဆောက်ခြင်း (၃၄'×၂၇')၊ ခြံစည်းရိုးကာရံခြင်းနှင့် သံပန်းတံခါးတပ်ဆင်ခြင်း (၈၀'×၈၀')၊ ရေစင်တည်ဆောက်ခြင်း (၆'×၆'×၁၀') စက်ရေတွင်းတူးခြင်း(၂"×၁၆၀')နှင့်ပိုးစားရေပုတ်ကန်တည်ဆောက်ခြင်း။

Lot4- စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ မိုးလုံလေလုံအားကစားရုံပြုပြင်ခြင်း။

၂။ တင်ဒါပုံစံများကို ၂၇-၁၀-၂၀၁၄ရက်မှစ၍ စတင်ရောင်းချသွားမည်ဖြစ်ပြီး တင်ဒါပိတ်ရက်မှာ ၁၀-၁၁-၂၀၁၄ရက် ညနေ ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

- **တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန**
- **ဖုန်း-၀၇၁-၂၂၉၁၃**



**အများသိစေရန်ကြေညာခြင်း**

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၃)၊ အကွက်အမှတ်(၅/ကောင်းခါးရပ်)၊ ဦးပိုင်အမှတ်(၂၀)၊ မြေချိန်ဧရိယာ ၀ဒသမ ၄၃၄၈ဧက၊ ဂရန်အမှုတွဲအမှတ် ၃၁၆-၅/၁၉၉၉-၂၀၀၀(အေ)အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှတင် ၁၃/လရန(နိုင်)၀၃၇၃၁၇၏ မြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်မိတ္တူမှန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်လှတင် ၁၃/လရန(နိုင်)၀၃၇၃၁၇**
**ရပ်ကွက်(၁၂)၊ နယ်မြေ(၃)၊ လားရှိုးမြို့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ



ပန်းဆိုးတန်းဆိပ်ကမ်း၌ ပြည်တွင်းခရီးသည်တင်ရေယာဉ်များကို တွေ့ရစဉ်။

# ဂျပန်လက်ဆောင်ချယ်ရီသင်္ဘောများ ပန်းဆိုးတန်း-ဒလ ပြေးဆွဲရန်စီစဉ်

**ရန်ကုန် အောက်တိုဘာ ၂၄**

ဂျပန်နိုင်ငံက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်မည့် ချယ်ရီသင်္ဘောသုံးစင်းသည် အောက်တိုဘာလကုန်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလိမ့်မည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဂျပန်နိုင်ငံ ဟီရိုရှီးမားဆိပ်ကမ်း နာကာတာနီသင်္ဘောကျင်းမှာ တည်ဆောက်ခဲ့တဲ့ ချယ်ရီ(၁)၊ ချယ်ရီ(၂)၊ ချယ်ရီ(၃) လို့ အမည်ပေးထားတဲ့ သင်္ဘောသုံးစင်းကို ဂျပန်နိုင်ငံ ဟီရိုရှီးမားဆိပ်ကမ်းက သင်္ဘောနဲ့တင်ဆောင်ကာ မြန်မာနိုင်ငံသို့ ထွက်ခွာလာနေပါပြီ။ အောက်တိုဘာ ၂၉ ရက်မှာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

အဆိုပါ သင်္ဘောသုံးစင်းကို မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် (၆၀)ပြည့်အထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပေးအပ်ရန် ၂၀၁၃ ခုနှစ် ဩဂုတ်လမှစတင်ကာ အဆိုပါသင်္ဘောကျင်း၌ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသင်္ဘောသုံးစင်းသည် အတိုင်းအတာအားဖြင့် အလျား ၄၁ ဒသမ ၃၆ မီတာ၊ အနံ ၉ ဒသမ ၄၀ မီတာနှင့် အနက် ၂ ဒသမ ၆၀ မီတာရှိပြီး အမြန်နှုန်းရေမိုင် တစ်နာရီ ကိုးမိုင်နှုန်း ခုတ်မောင်းကာ ခရီးသည် ၁၂၀၀ ခန့် တင်ဆောင်နိုင်ကြောင်း သိရသည်။

အဆိုပါ သင်္ဘောသုံးစင်းကို ပန်းဆိုးတန်း-ဒလ ပြေးဆွဲနေသော ထီးလှိုင်ရှင်၊ ကျန်စစ်သား၊ ဘုရင့်နောင် စသော သင်္ဘောများနေရာတွင် ကူးတို့ရေယာဉ်များအဖြစ် နိုဝင်ဘာလလယ်ခန့်မှစတင်ကာ အစားထိုးပြေးဆွဲသွားရန် စီစဉ်ထားကြောင်းပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ တာဝန်ရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ဒလမြို့အကြား နေ့စဉ်ခရီးသည် ၁၀၀၀၀ ခန့် ဝင်ထွက်သွားလာလျက်ရှိရာ သင်္ဘောများအစားထိုးပြေးဆွဲပေးနိုင်မှုကြောင့် ပြည်သူများ စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်တော့မည်ဖြစ်သည်။

**သတင်း - မောင်နွေသစ်၊ ဓာတ်ပုံ - သဏ္ဍ**

## သတင်းတို

### မှုခင်းဆိုင်ရာဗဟုသုတများပညာပေးဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မှုခင်းနှင့်ပတ်သက်သော ဗဟုသုတများ အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြတ်မိုးအောင် ဦးဆောင်ပြီး အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှုဆိုင်ရာသိကောင်းစရာများနှင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သော သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မမ(လားရှိုး)**

# ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲကျင်းပ

**မိုးညှင်း အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာအုပ်စုရှိ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး စမ်းသပ်မျိုးစေ့ထုတ် စံပြစိုက်ကွက် ငါးဧကတွင် မျိုးစပါးဝတ်မှုန်ကူးပွဲကို အောက်တိုဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

"ဝတ်မှုန်ကူးပွဲ ကျင်းပရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ စပ်မျိုးစပါးထုတ်လုပ်ရာမှာ အရည်အသွေးပြည့်မီတဲ့မျိုးစပါးများ ပြည့်ပြည့်ဝဝရရှိနိုင်ဖို့နဲ့ သဘာဝထက် သာလွန်ကောင်းမွန်ဖို့အတွက် လူတွေရဲ့အကူအညီနဲ့ အမဝတ်မှုန်ပေါ်ကို အဖိုဝတ်မှုန်တွေ ရာနှုန်းပြည့်ကျရောက် ဝတ်မှုန်ကူးနိုင်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ အမဝတ်မှုန်ပေါ်ကို အဖိုဝတ်မှုန်ကျရောက်မှသာ သန္ဓေအောင်ပြီး အရည်အသွေးပြည့်မီတဲ့ မျိုးစပါးကို ရရှိနိုင်မှာပါ။ ဒါကြောင့် သဘာဝအတိုင်း ဝတ်မှုန်ကူးခြင်းထက် ပိုမိုသေချာထိရောက်မှုရှိတဲ့ လူအကူအညီနဲ့ ဝတ်မှုန်ကူးပေးခြင်းက ရာနှုန်းပြည့် အောင်မြင်နိုင်ပါတယ်" ဟု ခရိုင်စိုက်ပျိုးရေး လက်ထောက်ဦးစီးမှူး ဦးဘချိုက ပြောသည်။

အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲသို့ ကချင်ပြည်နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်အောင်ဇော်၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအို၊ မိုးကောင်း၊ မိုးညှင်းမြို့များမှ ကွင်းတာဝန်ခံများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

**(၁၄၉)**

# စစ်ကိုင်းတက္ကသိုလ်နှင့် ကောလိပ်များတွင် Digital Library စက်များတပ်ဆင်

**စစ်ကိုင်း အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ တက္ကသိုလ်နှင့် ကောလိပ်များတွင် လက်ကိုင်ဖုန်းနှင့် ကွန်ပျူတာများဖြင့် ဝိုင်ဖိုင်မှတစ်ဆင့် စာအုပ်များဖတ်ရှုနိုင်မည့် Public Digital Library Service စက်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အောက်တိုဘာ ၁၆ ရက်မှ စတင်တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

တက္ကသိုလ်နှင့် ကောလိပ်များသို့ သွားရောက်တပ်ဆင်ပေးရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက သက်ဆိုင်ရာ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများကို သွားရောက်တွေ့ဆုံပြီး ဝိုင်ဖိုင်စနစ်ဖြင့် စာအုပ်များဖတ်ရှုနိုင်သည့် Public Digital Library Service စက်များကို တပ်ဆင်ပေးကာ အသုံးပြုပုံများကို လက်တွေ့ရှင်းလင်းပြသသည်။ Public Digital Library Service စက်များကို မြို့နယ်အတွင်းရှိ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၊ စစ်ကိုင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်များတွင် တပ်ဆင်ပေးကာ အသုံးပြုနိုင်ရန်အတွက် လက်တွေ့ရှင်းလင်းပြသပြီး အသုံးပြုလမ်းညွှန်လက်ကမ်းစာစောင်များကိုလည်း အခမဲ့ပေးဝေခဲ့သည်။

**မျိုးဝင်း(စစ်ကိုင်း)**



Digital Library စက် အသုံးပြုပုံကို ရှင်းပြစဉ်။


## ချိပ်ပိတ်တင်ဒါကြော်ငြာ

ညောင်ဦးခရိုင်၊ ပုဂံမြို့သမိုင်းဝင် ရှေးဟောင်းဘုရားဖြစ်သည့် အာနန္ဒာမြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၇၆ ခုနှစ် ပြာသိုလဆန်း၈ရက်မှ ပြာသိုလကွယ်နေ့အထိ)၂၈-၁၂-၂၀၁၄ ရက်မှ ၁၉-၁-၂၀၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဈေးဆိုင်ခန်းများနှင့် ဇာတ်ရုံဆောက်လုပ်လိုသူများသည် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဂေါပကအဖွဲ့ရုံးသို့ ၄-၁၁-၂၀၁၄ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်) နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက အာနန္ဒာဘုရား ဂေါပကရုံး ဖုန်း-၀၉-၆၅၀၅၀၆၅၊ ၀၉-၄၀၂၅၀၀၁၉၆ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**အာနန္ဒာဘုရားဂေါပကအဖွဲ့**

### အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးမောင်သန့်လွင် ၁၄/ပသန(နိုင်)၀၀၅၀၁၅နှင့် ဒေါ်ချိုလွင်ပပမာ ၁၄/ပသန(နိုင်)၀၀၁၅၅၀တို့သည် ၂၃-၅-၂၀၀၀ပြည့်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ လက်ထပ်ပေါင်းသင်းပြီးချိန်မှစ၍ ဇနီးဖြစ်သူမှာ ခင်ပွန်းသည် တာဝန်ထမ်းဆောင်ရာနောက်သို့ လိုက်ပါနေထိုင်ခြင်းမရှိ၊ ဇနီးတစ်ယောက်၏ ကျင့်ဝတ်များဆောင်ရွက်ခြင်းမရှိသည့်အပြင် ၁၅-၆-၂၀၁၃ရက်မှစ၍ ၎င်းမှကျွန်တော့်အား ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ကြောင်းပြောကြားပြီး သီးခြားနေထိုင်ခဲ့သည်မှာ ယနေ့အချိန်ထိပင်ဖြစ်ပါသည်။ သို့ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၎င်းအား ဇနီးမယားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်သည့်အပြင် ကျွန်တော် ဦးမောင်သန့်လွင်နှင့်လည်းမသက်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမောင်သန့်လွင် ၁၄/ပသန(နိုင်)၀၀၅၀၁၅**

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ

## လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**စစ်ကိုင်းခရိုင်တရားမရုံး၌**

**၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၁၂**

ကွယ်လွန်သူ ဒေါ်ကျင်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

**ဒေါ်ကေသွယ်ထွန်း လျှောက်သူ**

စစ်ကိုင်းမြို့၊ အုန်းတောရွာနေ ဒေါ်ကေသွယ်ထွန်းက ကွယ်လွန်သူ ဒေါ်ကျင်၏သမီး ဖြစ်သည်ဟူ၍ စစ်ကိုင်းမြို့၊ အုန်းတောရွာနေ၎င်းကွယ်လွန်သူ ဒေါ်ကျင်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ကျင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ကေသွယ်ထွန်း၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးဟန်)**

**ခရိုင်တရားသူကြီး**

**စစ်ကိုင်းခရိုင်တရားရုံး**

## တတိယအကြိမ် ပရိဝါသ်ဆောက်တည်ပွဲ

ကုန်းနီကြယ် မြေပလ္လင်တောရ(တောင်ပုလုတိုက်ခွဲ) သလုံးသွေးကျေးရွာ၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး ပရိဝါသ်ဆောက်တည်လိုသော အရှင်သူမြတ်များဘုရား- အထက်ပါတောရတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်မှ နတ်တော်လဆန်း ၈ ရက်အထိ)၊ ၈-၁၁-၂၀၁၄ရက်မှ ၂၉-၁၁-၂၀၁၄ရက်ထိ ဝိနည်းတော်နှင့်အညီ ပရိဝါသ်ဆောက်တည်ပွဲရှိပါမည် အရှင်ဘုရား။

**ဆက်သွယ်ရန် ဦးသုမန ဖုန်း-၀၉-၃၃၀၀၅၃၃၆**

**ဦးပညာသီရိ ဖုန်း-၀၉-၄၀၁၅၆၂၆၅၆**

**ဦးနိုင်ထွန်း ဖုန်း-၀၉-၅၁၈၄၅၈၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၇၊ မြေကွက်အမှတ်-၈၅/ခ၊ အကျယ်(ပေ၂၀×ပေ၆၀)၊ ဧရိယာ ၀ဒသမ ၀၂၇၉ဧက၊ နှစ်၆၀ဂရန်မြေပေါ်ရှိ အမှတ်-၈၅/ခ၊ ရတနာပုံလမ်း၊ ၁၀၇ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးအေးလွင် ၉/မလန(နိုင်)၀၈၈၄၇၇ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ ၇-၁-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူအိမ်နှင့်မြေ အရောင်းအဝယ်ကတိစာချုပ်အရ ဒေါ်စန်းငွေ ၉/မလန(နိုင်)၁၁၄၂၀၆မှ ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင် ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်** **ဦးသန့်ဇော်**

**အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန်ပက်လက်မြို့၌ ဟိုတယ်ဇုန်တည်ဆောက်ရန်စီစဉ်

**ကန်ပက်လက် အောက်တိုဘာ ၂၄**

ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာစေရန်နှင့် တည်းခိုနေထိုင်ရေးအဆင်ပြေစေရန်အတွက် နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်စားသည့် နတ်မတောင်နှင့် အနီးဆုံးဖြစ်သော ကန်ပက်လက်မြို့၌ ဟိုတယ်ဇုန်တည်ဆောက်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက စတင်စီစဉ်နေကြောင်း သိရသည်။

ချင်းပြည်နယ်(တောင်ပိုင်း)ရှိ ဝိတိုရိယတောင်နှင့် ခေါနူးသုန်(ခေါ်) နတ်မတောင်အမျိုးသားဥယျာဉ်သည် ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်မည့် နေရာသစ်တစ်ခု ဖြစ်လာနိုင်သည့် အလားအလာကောင်းများရှိနေပြီး ၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များကို စတင်ခွင့်ပြုပေးခဲ့ကြောင်း၊ လက်ရှိအချိန်အထိ လာရောက်ပြီးသော ခရီးသွားဧည့်သည် ၁၀၀၀ ကျော်ရှိပြီဖြစ်ကာ ဟိုတည်ဇုန်တည်ဆောက်ပြီးစီးပါက ခရီးသွားအဝင်အထွက် ပိုမိုများပြားလာဖွယ်ရှိကြောင်း၊ လက်ရှိအချိန်တွင် ကန်ပက်လက်မြို့၌ ဟိုတယ်သုံးလုံးရှိပြီး အခန်းပေါင်း ၁၀၀ ကျော်ရှိကြောင်း၊ ဟိုတယ်ဇုန်ဆောက်လုပ်ရန်မြေနေရာကို ကန်ပက်လက်မြို့အနီး၌ လျာထားပြီး ချင်းပြည်နယ်အစိုးရအဖွဲ့က မြေနေရာအတိအကျကို ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

"ချင်းပြည်နယ်ဟာ ၂၀၁၃ ခုနှစ်ရောက်မှ နိုင်ငံခြားသားခရီးသည် ဝင်ရောက်ခွင့်ပြုပေးခဲ့တာဖြစ်ပေမယ့် နိုင်ငံခြားသားခရီးသည်တွေ စိတ်ဝင်စားမှုရှိပြီး နောင်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမယ့် အလားအလာတွေကြောင့် အခုလိုဟိုတယ်ဇုန်တည်ထောင်ဖို့ စီစဉ်နေတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင် ဦးအေးကျော်က အတည်ပြုပြောကြားသည်။

မြန်မာနိုင်ငံ၏ အမျိုးသားဥယျာဉ်နှစ်ခုဖြစ်သည့် နတ်မတောင်အမျိုးသားဥယျာဉ်နှင့် အင်းတော်ကြီးအိုင် သားရဲတိရစ္ဆာန်ထိန်းသိမ်းရေးနယ်မြေများသည် ကုလသမဂ္ဂပညာရေးအဖွဲ့၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရန် အဆိုတင်သွင်းထားသော ဒေသများဖြစ်ပြီး လက်ရှိအချိန်တွင် သွားလာရေးခက်ခဲနေသော်လည်း မကြာမီကာလအတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည်များ အများဆုံးလာရောက်နိုင်ဖွယ်ရှိကြောင်း၊ အဆိုပါနယ်မြေနှစ်ခုကို ယူနက်စကိုအဖွဲ့၏ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ရန်ရွေးချယ်ခံရပါက မြန်မာနိုင်ငံမှ ပထမဆုံးရွေးချယ်ခံရသည့် အမျိုးသားဥယျာဉ်နေရာများဖြစ်လာနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာသူဒေသခံတစ်ဦးက ပြောကြားသည်။

**နေစု(ချင်းရိုးမ)**

## မြန်မာအင်တာနေရှင်နယ် အိုးပင်းစစ်တုရင်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၄**

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပမည့် မြန်မာအင်တာနေရှင်နယ်အိုးပင်းစစ်တုရင်ပြိုင်ပွဲကို နိုဝင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပထမအမေရိကန်ဒေါ်လာ ၃၀၀၀၊ ဒုတိယ ၁၆၀၀၊ တတိယ ၁၄၀၀၊ စတုတ္ထ ၁၂၀၀၊ ပဉ္စမ ၁၀၀၀၊ ဆဋ္ဌမ ၇၀၀၊ သတ္တမ ၅၀၀၊ အဋ္ဌမ ၃၀၀၊ အဆင့်(၉) မှ (၁၂)အထိ အမေရိကန်ဒေါ်လာ ၂၀၀ စီ ချီးမြှင့်မည်ဖြစ်ပြီး မြန်မာစစ်တုရင်အားကစားသမားများအတွက် သီးသန့်ဆုကြေး ပထမအမေရိကန်ဒေါ်လာ ၇၀၀၊ ဒုတိယ ၅၀၀၊ တတိယ ၃၀၀ ချီးမြှင့်မည်ဖြစ်ကာ အကောင်းဆုံးအမျိုးသမီးအားကစားသမားဆု အသက် ၁၈ နှစ်အောက်၊ အသက် ၁၄ နှစ်အောက်၊ အသက် ၁၀ နှစ်အောက် လူငယ်အကောင်းဆုံး အားကစားသမားဆုများအတွက် အမေရိကန်ဒေါ်လာ ၁၀၀ စီ ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် နိုဝင်ဘာ ၁၃ ရက်နောက်ဆုံးထား၍ ဖုန်း-၀၉-၇၃၁၆၈၂၈၄ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



**ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်သို့ ဝင်ရောက်ထွက်ခွာသော ခရီးသည်တင်ယာဉ်များ ယာဉ်မတော်တဆမှုလျော့နည်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် မော်တော်ယာဉ်များကြံ့ခိုင်မှု၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ လိုင်စင်ပြည့်စုံမှု၊ ယာဉ်ပေါ်တွင် အသက်ကယ်မှန်ခွဲကိရိယာ၊ မီးသတ်ဆေးဘူးများထားရှိမှုစသည်တို့ကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ကညန၊ ခရိုင်ပို့ /ဆက်၊ ခရိုင်မီးသတ်နှင့် ကော့ကရိတ်ယာဉ်ထိန်းတပ်စိတ်တို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ အောက်တိုဘာ ၁၇ ရက်က စစ်ဆေးစဉ်။**

တင်ဝင်းလှိုင်(ကော့ကရိတ်)

## သတင်းတိုများ

### လက်သန့်ရှင်းရေးပညာပေးဟောပြော

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကမ္ဘာ့လက်ဆေးခြင်းနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၀ ရက်က ကျင်းပရာ လယ်ဝေးမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာစုစုထွန်းက လက်ကိုသန့်ရှင်းစင်ကြယ်စွာဆေးခြင်းဖြင့် ကာကွယ်နိုင်မည့် ရောဂါများအကြောင်းစသည်တို့ကို ရှင်းလင်းဟောပြောခဲ့သည်။ **မင်းမင်းလတ်**

### ဆီးချို၊ သွေးချိုအခမဲ့စမ်းသပ်ကုသ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးဇာရပ်ကွက်နေပြည်သူများ ဆီးချို၊ သွေးချိုရောဂါရှိမရှိ အခမဲ့စစ်ဆေးစမ်းသပ်ပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ထောက်ပံ့ကုသပေးခြင်းများကို ဒေါက်တာသူရနန္ဒနှင့် ကျန်းမာရေးဝန်ထမ်းများက မိုးဇာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၂၂ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နိုင်ဇေယျ**

## တောင်သူအကြိုက် ဆားငန်ရေဒဏ်ခံနှင့် ရေနစ်မြုပ်ခံ စပါးမျိုး ရွေးချယ်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၄**

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ မြစ်ဝကျွန်းပေါ် ဆားငန်ရေဝင်ဧရိယာများတွင် ဆားငန်ရေဒဏ်ခံနှင့် ရေလွှမ်းနစ်မြုပ်ဒဏ်ခံ စပါးမျိုးများ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်ကာ ဒေသရေမြေနှင့်ကိုက်ညီသော စပါးမျိုးရွေးချယ်ပွဲကို မော်လမြိုင်ကျွန်းမြို့နယ် မဘေကျေးရွာအုပ်စု ရှောက်ချောင်းကျေးရွာ၌ အောက်တိုဘာ ၂၃ ရက်က ကျင်းပသည်။

စပါးမျိုးရွေးချယ်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ ဒေါက်တာခင်သော်တာဝင်းနှင့် အဖွဲ့ဝင်များ၊ လပွတ္တာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရှုရီနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ငွေနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ မဘေကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲများမှ ဒေသခံလေ့လာရေး တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်ပြီး စပါးမျိုးများရွေးချယ်ရာတွင် မျက်မြင်စပါးပင်ဖြစ်ထွန်းမှုအခြေအနေပေါ် မူတည်၍ အကြိုက်ဆုံး၊ အနှစ်သက်ဆုံး စပါးမျိုး သုံးမျိုးတို့ကို ပထမဆင့်အနေဖြင့် ကွင်းဆင်းရွေးချယ်ခဲ့ကြသည်။

အဆိုပါရွေးချယ်ထားသော စပါးမျိုးများမှ စျေးကွက်နှင့် စားသုံးမှုအရည်အသွေးအကိုက်ညီဆုံးဖြစ်မည့် စပါးမျိုးကို ဒုတိယအကြိမ်ထပ်မံရွေးချယ်၍ ဒေသရေမြေနှင့်ကိုက်ညီပြီး တောင်သူအကြိုက် အနှစ်သက်ဆုံး စပါးမျိုးများကို စီမံကိန်းမှ စိုက်ပျိုးရေးသုတေသနအကူအညီဖြင့် မျိုးပွားကာ တောင်သူများ၏ လယ်မြေများတွင် အကွက်ကျယ်စံပြကွက်များ စမ်းသပ်စိုက်ပျိုးပြသရွေးချယ်၍ စပါးစိုက်ဧရိယာများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသုံးပြုရန်အတွက် ကွန်ကရစ်တိုင်နှင့် သံတိုင်များအား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၅၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၁၇၅၊ Fax ၀၆၇-၄၃၁၁၈၅**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ခ/၄၅၈၂ နစ်ဆန်းစီးဒရစ်, S/L ယာဉ်လက်ဝယ်ရှိသူ ဒေါက်တာကိုဝင်း ၁၂/တမန(နိုင်)၀၀၄၅၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဃ/၁၄၀၃ Toyota MarkII JZX 110 S/L (4×2)RHD ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝတီမင်း ၁၂/ဗဟန(နိုင်)၀၈၃၀၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/3354 Toyota Alphard MNH10 MicroBus (4×2) ယာဉ်လက်ဝယ်ရှိသူ Myanmar Carlsberg Co.Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၇ယ/၈၄၃၂၀ Shineray 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမန်နှင်းလျန် ၄/ဟခန(နိုင်) ၀၄၅၅၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဟားခါး)**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၃၆၉၉)၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧက၊ ဦးဝင်းနိုင်အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၀၄/၂၀၁၄ ဖြင့် ဦးဝင်းနိုင်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးကျော်ဝင်းစိန် ၉/လဝန(နိုင်) ၁၀၉၂၈၈(ဘ) ဦးအမ်းဂတ်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၃၆၉)၊ မြေကွက်တည်နေရာအမှတ်(၃၆၉)၊ (၆၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးသိန်းထွန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးသိန်းထွန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးသိန်းတီ ၁၂/ဗဟန(နိုင်)၀၇၂၇၉၈မှ ဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဇေဓိကုန်း အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မစုသန္တာဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာဝင်း ၇/အတန(နိုင်)၀၈၀၆၂၉ ဖြစ်ပါသည်။ **ဖခင်-ဦးကျော်စွာဝင်း(အုတ်တွင်း)**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဇောဓိကုန်း အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တက္ကသိုလ်ဝင်တန်းမှ မထက်မြတ်စိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆန်း ၇/အတန(နိုင်) ၀၇၄၇၉၀ ဖြစ်ပါသည်။

**ဖခင်-ဦးမြင့်ဆန်း(အုတ်တွင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ယမုံနာ)၊ မြေကွက်အမှတ်(ခ/၂၀၁)၊ မြေကွက်တည်နေရာအမှတ်(၃၁၀)၊ အောင်မေတ္တာအထက်လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးလှရွှေ ၁၂/ဒပန(နိုင်) ၀၁၉၀၂၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလှရွှေ(ခင်ပွန်း) ကွယ်လွန်သဖြင့် ၄င်း၏တစ်ဦးတည်းသောဇနီး ဒေါ်လှတင် ၁၂/ဒပန(နိုင်)၀၁၉၀၂၉ ထံမှ ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာ ၂၅၃၉၅/၁၃ / ၁၀-၁၂-၁၃၊ ဖြင့်ရရှိသူ ဦးဇင်မင်းထွန်း ၁၂/ ကတန(နိုင်) ၀၇၂၀၅၆ မှ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ ပြန်ကြားစာ၊ ရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ကွယ်လွန်ကြောင်း ထောက်ခံစာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/နွယ်အေး)၊ မြေကွက်အမှတ်(၁၈၂)၊ မြေကွက်တည်နေရာအမှတ်(၁၈၂)၊ မာလာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ဟာလီမာဘီ ၁၂/လမန(နိုင်)၁၁၂၇၇၂ အမည်ပေါက် နှစ်၆၀မြေအား ဒေါပုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၅/၂၀၁၄ (တရားလို ဦးစိုးငွေက တရားပြိုင် ဒေါ်ဟာလီမာဘီအပေါ် မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု) စွဲဆိုရာ ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှုအရ (အရောင်းအဝယ်ကတိစာချုပ်အရ တရားပြိုင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေသည့် ဒီကရီချမှတ်သည့်) ၂၅-၃-၂၀၁၄ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၆/၂၀၁၄)တို့တင်ပြလျက် တရားရုံး(ဒေါ်ဟာလီမာဘီ)ကိုယ်စား ဘီလစ် ဦးဆောင်လွင်ဦးမှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ၂၀၁၄ ကမ္ဘာ့ဓာတ်မှန်ပညာနေ့

ခင်မောင်တင်
(ဓာတ်ရောင်ခြည်)

နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလရောက်လာလျှင် ဓာတ်မှန်လောကသားတို့သည် ကမ္ဘာ့ဓာတ်မှန်ပညာနေ့ ဆင်နွှဲကြရမှာပါလားဟူသော အသိတရားသည် အလိုအလျောက်ရောက်ရှိလာသည်။

မှန်ပါသည်။ ကမ္ဘာ့ဓာတ်မှန်ပညာနေ့သည်ကား ဂျပန်သိပ္ပံပညာရှင် ပါမောက္ခရွန်ဂျင် (Roentgen) က ၁၈၉၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ၎င်း၏ ဓာတ်ခွဲခန်းတွင် ကတ်သုတ်ရောင်ခြည်ကို စမ်းသပ်သုတေသနပြုစဉ် အမှတ်မထင်တွေ့ရှိခဲ့သော ရောင်ခြည်၊ လူသားတို့အား အကျိုးပြုသလို ဆိုးကျိုးကိုလည်းပေးနိုင်သော အိပ်ရောင်ခြည်တွေ့ရှိမှုကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာအရပ်ရပ်၌ ကမ္ဘာ့ဓာတ်မှန်ပညာနေ့ကို ကျင်းပခဲ့ကြသည်။




အပြည်ပြည်ဆိုင်ရာ ဓာတ်မှန်ဘက်ဆိုင်ရာနည်းပညာရှင်များအဖွဲ့ချုပ် (International Society of Radiographers &Radiological Technologists, ISRRT) က ၂၀၁၄ ခုနှစ်အတွက် သတ်မှတ်ထားသော ဆောင်ပုဒ်မှာ Radiography ... Advancing Imaging and Healing Globally ဟူ၍ပင်ဖြစ်သည်။

ဓာတ်မှန်ရောင်ခြည်အသုံးချနည်းပညာမှာ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် သုတေသနပြုချက်များမှာ တိုးပွားလာသည်။ ယခင်က ဓာတ်မှန်ရိုက်သည့်အခါ ပုံရိပ်ဖော်နည်းပညာအဖြစ် ဓာတ်မှန်ဖလင်၊ Intensifying Screen ခေါ် ရောင်ပြောင်ထောက် စကရင်၊ ကက်ဆက်၊ ပုံဖော်ဆေးရည် Developer ၊ ပုံချုပ်ဆေးရည်(Fixer) စသည်တို့ အသုံးပြုရာမှ သိပ္ပံပညာရှင်များ၏ သုတေသနပြုချက်အရ ဆန်းသစ်တီထွင်လာသည့် ဓာတ်မှန်နှင့်ကွန်ပျူတာတွဲ၍ အသုံးပြုသော Computerized Radiography (CR) Digital Radiography(DR)နည်းစနစ်များပေါ်ပေါက်လာသည်။ ဒစ်ဂျစ်တယ်ဓာတ်မှန်ရိုက်ကူးမှုစနစ်ဖြင့် အသုံးပြုလာနိုင်သည့်အတွက် လူနာအား အကြိမ်ကြိမ်ဓာတ်မှန်ပြန်ရိုက်မှုလည်း လျော့နည်းစေသလို ဖလင်ကားချပ်သိမ်းဆည်းရာတွင်လည်း သက်သာလာသည်။ ဓာတ်ဆေးရည်များအသုံးမပြုရတော့သည့်အတွက် ဓာတ်ဆေးရည်အန္တရာယ်ပြစ်မှုလည်း မကြုံနိုင်တော့ပေ။ ဓာတ်မှန်ပုံရိပ်ကားချပ်ကိုလည်း Laser Imager သို့မဟုတ် Thermal Imager များဖြင့် ပုံထုတ်သည့်အတွက် ပုံရိပ်အရည်အသွေး Imager Quality မှာလည်း ပိုကောင်းလာသည်။ သုတေသီများ၏ အဆိုအရ Dr.System အသုံးပြုခြင်းသည် လူနာ၏ တင်ပါးဆုံအား ဓာတ်ရောင်ခြည်ထိမှုတွင် ဖလင်၊ စကရင်အသုံးပြုဓာတ်မှန်ရိုက်နည်းထက် ၂၉ ရာခိုင်နှုန်း လျော့နည်းပြီး CR System ဖြင့် ရိုက်ကူးမှုထက် ၄၃ ရာခိုင်နှုန်း လျော့နည်းကြောင်း တွေ့ရသည်ဟုဆိုသည်။ သို့ဖြစ်၍ ISRRT က Advancing Imaging ဟု တစ်သားသုံးနှုန်းခဲ့သည်။



ဤသို့ Digital နည်းပညာတိုးတက်လာသည့်အလျောက် နိုင်ငံတကာတွင် ဖလင်ဖြင့် ပုံရိပ်ဖော်မှုမှာ သိသိသာသာပျောက်ကွယ်၍ ထိန်းသိမ်းရလွယ်ပြီး ရာသီဥတုဒဏ်ကြောင့် မပျက်စီးနိုင်သော CD ခွေဖြင့် ပုံရိပ်များကို ကူးပေးသည်။

ထို့ပြင် လူနာတစ်ဦးအား Digital နည်းစနစ်ဖြင့် ရိုက်ကူးပေးလိုက်သော ပုံရိမ်များ၊ Tomography ခေါ် လွှာခြင်းအလိုက် ပုံရိပ်များကို (PACS) Picture Archiving and Communication System ဖြင့် သိမ်းဆည်းထားနိုင်ပြီး အနည်းဆုံး လူနာနှစ်ဦး၏ ဓာတ်မှန်ပုံရိပ်များကို ငါးနှစ်ခန့်အထိ မပျောက်မပျက် သိမ်းဆည်းထားနိုင်သည်။

ဓာတ်မှန်ဖလင်ပျောက်ဆုံးသွားပါက လူနာအား ဓာတ်မှန်ပြန်ရိုက်စရာမလိုဘဲ PACS ကို ပြန်ခေါ်၍ ပုံထုတ်နိုင်သည်။ PACS ရှိခြင်းအားဖြင့် အခြားနိုင်ငံမှ ဆေးရုံ၊ ဆရာဝန်များ၊ ဓာတ်မှန်ဆရာဝန်များထံသို့လည်း Teleradiography စနစ်ဖြင့် အကူအညီများ၊ အကြံဉာဏ်များ တောင်းခံနိုင်သည်။ ဓာတ်ရောင်ခြည်အသုံးချပုံရိပ်ဖော်နည်းပညာများ တိုးတက်လာသည်နှင့်အမျှ လူနာများ ဆေးကုသရေးကို ထိရောက်စွာ အထောက်အပံ့ဖြစ်စေနိုင်သည်။

အချုပ်အားဖြင့် တင်ပြရလျှင် ဓာတ်မှန်ရောင်ခြည်သည် လူသားများအတွက် အကျိုးပြုသည်မှာ မှန်သော်လည်း နည်းစနစ်မှန်ကန်စွာနှင့် အသုံးချတတ်ဖို့လိုသည်။ နည်းစနစ်မှန်ကန်မှုမရှိဘဲ အသုံးချခဲ့လျှင် ဆိုးကျိုးများ ကြုံတွေ့ရနိုင်သည်။ ထို့ကြောင့် ဓာတ်မှန်ရောင်ခြည်ကို မီးနှင့် တင်စားပြောဆိုလေ့ရှိကြသည်။

မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည် နည်းပညာရှင်များအသင်းကလည်း ၂၀၁၄ ကမ္ဘာ့ဓာတ်မှန်ပညာနေ့ကို ကြိုဆိုသောအားဖြင့် တတိယအကြိမ်မြောက် ဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည်နည်းပညာရှင်များ နှီးနှောဖလှယ်ပွဲ၌ စာတမ်းများဖတ်ကြားခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်မည်ဖြစ်သည်။ ယခုနှစ် နှီးနှောဖလှယ်ပွဲတွင် အပြည်ပြည်ဆိုင်ရာ ဓာတ်မှန်ဘက်ဆိုင်ရာ နည်းပညာရှင်အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ ဟောင်ကောင် စသည့်နိုင်ငံများမှ နည်းပညာရှင် ရှစ်ဦးတို့ တက်ရောက်ပြီး စာတမ်းများ ဖတ်ကြားကြမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက် ဆွေးနွေးညှိနှိုင်း

**တာချီလိတ် အောက်တိုဘာ ၂၄**

တာချီလိတ်မြို့နယ် အမျိုးသားခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်၊ UNAIDS နှင့် Malteser International တို့ ပူးပေါင်းဆောင်ရွက်နေသော SP11 Project စီမံကိန်းအချက်အလက်များ ဆွေးနွေးညှိနှိုင်းပွဲကို တာချီလိတ်မြို့ ဂိုးလ်ဒင်းချယ်ရီဟိုတယ်ခန်းမ၌ အောက်တိုဘာ ၂၁ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းကျော်၊ တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းတို့ တက်ရောက်ပြီး တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးက အမှာစကား ပြောကြားကာ UNAIDS မှ Country Director ဒေါ်အေးအေးနွယ်နှင့် National AIDS Programme မှ မန်နေဂျာဒေါက်တာမျိုးသန့်တို့က စီမံကိန်းဆောင်ရွက်နေမှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

SP11 Project များကို အာရှဖွံ့ဖြိုးမှုဘဏ်၏ ထောက်ပံ့ကူညီမှုဖြင့် တာချီလိတ်၊ မော်လမြိုင်၊ ဘားအံ၊ ကော့ကရိတ်နှင့် မြဝတီမြို့များတွင် အခြေစိုက်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများနှင့် ရွှေ့ပြောင်းလုပ်သားများအား HIV/ AIDS ပညာပေးလုပ်ငန်းများ၊ ဆွေးနွေးမှုနှင့် ထောက်ပံ့ကုသမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ကျေး**



## မိုးပွင့်စီမံချက်ကာလပြီးဆုံးသော်လည်း နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ထုတ်ပေး

**လှိုင်ကော် အောက်တိုဘာ ၂၄**

လှိုင်ကော်မြို့ ဒေါတမရပ်ကွက် အလက(ခွဲ)ကျောင်းတွင် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို အောက်တိုဘာ ၂၀ ရက်က ကွင်းဆင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် စာသင်ကျောင်းများ ကျေးလက်ဒေသများသို့ နိုင်ငံသားကတ်များ ကွင်းဆင်းထုတ်ပေးမှုကာလ ပြီးဆုံးပြီဖြစ်သော်လည်း အဆိုပါကျောင်းမှ ဆရာ ဆရာမများ၏ အကူအညီတောင်းမှုအရ အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူ ၆၃ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို ကယားပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် NRC အဖွဲ့တို့ ပူးပေါင်း၍ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းထုတ်ပေးရာသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ မြို့နယ်ပညာရေးမှူး ဦးတိုးလှတို့ တက်ရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**
**(၁၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ဖိတ်ကြားခြင်း**

(၁၂)ကြိမ်မြောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာကို ရခိုင်ပြည်နယ်မောင်တောမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းတို့အား ရည်စူးပြီး ၃-၁၁-၂၀၁၄ရက် နံနက် ၉း၀၀နာရီတွင် တာမွေမြို့နယ်၊ ပင်ရွှေညောင်ပင်လမ်းရှိ အလိုတော်ပြည့်ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ပါသည်။

သို့ပါ၍ ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့များနှင့် အခြားလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေသားများကို ၁-၁၁-၂၀၁၄ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းနိုင်ပါသည်။ ၂-၁၁-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ပဒေသာပင်များ လှည့်လည်ပါမည်။ ၃-၁၁-၂၀၁၄ရက် ကထိန်ပွဲတော်ကျင်းပသည့်ရက်တွင် ဓာတ်ကားရိုက်ကူးမှုများ နေ့တစ်ဝက် ရပ်နားထားပါရန်နှင့် ကထိန်ပွဲတော်သို့ မပျက်မကွက် ကြွရောက်ပါရန် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

**တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်**
**(၃၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပမည်**

မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၌ ပုရိမဝါဆိုတော်မူကြသော နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရ မဟာထေရ် အမှူးရှိသော ပရိယတ်၊ ပဋိပတ်သာသနာပြု သံဃာတော်အပါး(၅၄၀) ကျော်တို့နှင့် ပင့်သံဃာတော်အပါး (၁၀၀) ကျော်တို့အား သင်္ကန်း၊ ထီး၊ ဖိနပ်တို့ကို လှူဒါန်းနိုင်ရန် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်။

**ကျင်းပမည့်ရက်** - ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၊ ၆-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့)
**ကထိန်သင်္ကန်းဆက်ကပ်ချိန်** - နံနက် ၆း၀၀ နာရီမှစ၍ ဆရာတော်ကြီးအား အလှူရှင်များကိုယ်တိုင် ကထိန်သင်္ကန်းလှူဒါန်းနိုင်ရန် စီစဉ်ထားပါသည်။
**တရားနာရေစက်ချချိန်** - မွန်းတည့် ၁၂း၀၀ နာရီ

**အကျိုးဆောင်အဖွဲ့**
**ဖုန်း-၀၉-၂၅၀၃၆၅၁၁၅၊ ၀၉-၈၆၃၀၃၁၃**

**အများသိစေရန် ကြေညာခြင်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နေ ဦးရင်ချိုင်း(ခ)ထွန်းခင်၊ ဒေါ်ရင်ရှန်းနှင့်ဦးရင်သဲ့ တို့သည် ဒေါ်လီမင်းရှို၏ သားသမီးအရင်းများဖြစ်ပြီး လွန်ခဲ့သောနှစ် (၄၀)ခန့်က နမ္မတူမြို့၊ ပန်ဟိုက်(၄)ရပ်ကွက်၊ စံပါယ်လမ်း၊ အိမ်အမှတ် (၆၈)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်သွပ်မိုး တစ်ထပ်အဆောက်အအုံကို ငွေကျပ် ၁၂၀၀၀၀/-(တစ်သိန်းနှစ်သောင်းတိတိ)ဖြင့် ဦးရင်ချိုင်း(ခ)ထွန်းခင်၏ငွေဖြင့် ဝယ်ယူခဲ့ရာ နိုင်ငံသားမှတ်ပုံတင်ရှိသူ မောင်ရင်သဲ့ အမည်ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုခဲ့ပါသည်။

ယခုအခါ ဦးရင်သဲ့မှာ ယင်းမြေကွက်နှင့် အဆောက်အအုံကို ဇနီးဖြစ်သူအား ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲပြောင်းပေးပြီး ပြန်လည်ရောင်းချရန် စရန်ငွေများယူထားကြောင်း သိရှိရပါသဖြင့် ၃-၆-၂၀၁၄ရက်တွင် နမ္မတူမြို့နယ် မြေစာရင်းဦးစီးဌာန၊ ဦးရင်သဲ့နှင့်အုပ်ချုပ်ရေးမှူး၊ ပန်ဟိုက် (၄)ရပ်ကွက်သို့ ရောင်းချခြင်း၊ အမည်လွှဲပြောင်းခြင်းကို သဘောမတူကန့်ကွက်ကြောင်း အကြောင်းကြားစာများ ပေးပို့ခဲ့ပြီးဖြစ်ကြောင်းနှင့် အရောင်းအဝယ်ပြုလုပ်ပါက ဝယ်ယူသူတာဝန် သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရင်ချိုင်း(ခ)ထွန်းခင်နှင့် ဒေါ်ရင်ရှန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဉာဏ်ထွန်း** B.Sc, R.L
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၈၈၉)**
**၅၂/၁၆၈(ဂ)၊ ဈေးရပ်ကွက်၊ မူဆယ်မြို့၊ ဖုန်း-၀၉-၄၃၁၁၈၀၉၃**

**ယာဉ်နံပါတ်ပြားသစ်တစ်စုံ အသစ်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဂ/၈၆၉၃ တိုယိုတာ CHASER Lx90 ဆလွန်း (4x2)R၏ နံပါတ်ပြားမှာ ပျောက်ဆုံးသွားပါသဖြင့် နံပါတ်ပြားအသစ်တစ်စုံ ထပ်မံလျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ငါးရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ကညန(ပဲခူး)**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ဦးခင်မောင်ထွေး-ဒေါ်သန်းသန်းအေး တို့၏သား မောင်အောင်ဆန်းဦးသည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး အိမ်ပေါ်မှ မိမိသဘောအလျောက် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။
**ဦးခင်မောင်ထွေး ၆/မအရ(နိုင်)၀၁၃၃၅၁**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ်၁၀ယ/၇၂၆၂ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၈/မလန(နိုင်)၀၀၄၀၈၀မှ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။
**ကညန၊ တိုင်းရုံး(မကွေး)**

# စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

**အရွယ်မရောက်သေးသောသူငယ်ကို**
**အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန်လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူသူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ်-၁၉၁**

ဒေါက်တာအေးကဥ္စနာကျော် **လျှောက်ထားသူ**
အမှတ်-၁၀ (ပထမထပ်)၊ မြဝတီလမ်း၊
မြေနီကုန်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/မြောက်ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်-၁၀ (ပထမထပ်)နေ အရွယ်မရောက်သေးသူ မောင်ပြည့်သုသျှန်(ခ)မောင်ဘုန်းမိုရ်သွေး အကြောင်း။

